ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ရက်၊ ကြာသပတေးနေ့၊ (22-1-2004) (၄၁၂၃)

ယနေ့ထုတ်စောင်ရေ ၁၉၇၁၂၃

ဗာဟုသစ္စဥ္စ တော် မင်္ဂလ မုတ္တမံ။ အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး သန္နိဋ္ဌာန်ချ ဆောင်ရွက်နေ
Cyber Law ရေးဆွဲရေးလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ မကြာမီ ဥပဒေမူကြမ်း ပေါ်ထွက်လာမည်
မြန်မာနိုင်ငံကို လာရောက်လည်ပတ်သူများ လွယ်ကူစေရန် ယနေ့မှစ၍ e-Visa ကို အင်တာနက်ပေါ်မှ ရယူနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဝင်များ၊ MICT Week 2004ကျင်းပရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ MICT DC ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Mandalay ICT Park မှ တာဝန်ရှိသူများ၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံရှိ IT ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Multi Media Development Corporation ., Malaysia, Software Park of Thailand; Shin Satellite, iP tel Malaysia, Sin tel ; Inmarsat Company တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Bio Matric စနစ်သုံး၍ တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တတိယအကြိမ် Myanmar ICT ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာ စကားပြောကြားခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် Myanmar ICT ရက်သတ္တပတ် လုပ်ရှားမှုများတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၂-၁-၂၀၀၄
(ကြာသပတေးနေ့)

စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံရေး ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊ မြေသဘာဝသယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက် သယံဇာတများ ထုတ်ယူသုံးစွဲမကုန်နိုင်အောင် ဖြစ်တည်နေသည်။ လူသားအရင်းအမြစ်နှင့် အတတ်ပညာ၊ နည်းပညာများပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သဘာဝသယံဇာတများကို နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘ၀ တောင့်တင်းခိုင်မာစေရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူနေမှုဘ၀ အဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူများ၏ စွမ်းအားတို့ကို အခြေခံပြီး အမျိုးသားစီမံကိန်းများဖြင့် စနစ်တကျ ဆောင်ရွက်နေခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတော်အတွင်းရှိ သဘာဝသယံဇာတများကို ကြိုးပမ်းရှာဖွေ ထုတ်လုပ်လျက်ရှိရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ အသစ်များကို တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် ကမ်းလွန်ရေနံရှာဖွေရေး လုပ်ငန်းများကိုလည်း ပြည်ပကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးကော်ပိုရေးရှင်းနှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် အမှတ် A-1တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၁ ခုနှစ်အတွင်း ဆိုက်စမစ်လိုင်းကီလိုမီတာ ၃၅၅၂ ဒသမ ၇၅ တိုင်းတာခဲ့ပြီးနောက် တွက်ချက်မှုနှင့် အဓိပ္ပာယ် ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ကွက် A-1အတွင်း၌ အစမ်းတွင်းအမှတ် ရွှေ-၁ ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၁ရက်တွင် တွင်းတူးစက်ဖြင့် တူးဖော်ခဲ့ရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အနက် ၁၀၅၈၈ ပေသို့ရောက်ရှိခဲ့သည်။ စမ်းသပ်မှုများအရ G-5 သဲကြောတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့များ ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။

စမ်းသပ်တွေ့ရှိချက်များအရ ရွှေ-ဘူမိအနေအထားတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် ပမာဏမှာ ၄ဒသမ၂ မှ ၅ ဒသမ ၈ ထရီလီယံကုဗပေ အတွင်းရှိကြောင်း သိရှိရသည်။ ယခု ရွှေအစမ်းတွင်းမှ သဘာဝဓာတ်ငွေ့ တွေ့ရှိမှုသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက် တစ်ခုဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ကွက်တွင် အလားအလာကောင်းသည့် ဘူမိအနေအထားများ ဖြစ်ကြသော ရွှေဖြူနှင့်ငွေ စသည်တို့လည်းရှိသည်။

ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ယခုကဲ့သို့ လုပ်ကွက်အမှတ် A-1 မှ ရွှေ-၁ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံတော်အနေဖြင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျ အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပြီး အစုဝင်အဖြစ်ပါ ဆောင်ရွက်မည်ဖြစ်ရာ အကျိုးအမြတ်များ ထူးခြားစွာ ရရှိလာမည်ဖြစ်ကြောင်းသိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ သဘာဝသယံဇာတ ဖြစ်ထွန်းတည်ရှိမှုများကို အခြေခံပြီး နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် နည်းလမ်းများကို ရွေးချယ်၍ စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးချဲ့ရှာဖွေ ထုတ်လုပ်သွားနိုင်ကြမည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကွန်ပျူတာ၊ ပရင်တာ ၁၀စုံနှင့် မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒိသာပါမောက်ဆောင်ရှိ ဝန်ကြီးပဒေသရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ယင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်းက ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ပေးအပ်

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ပျူတာနှင့် မိတ္တူကူးစက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းက ကွန်ပျူတာနှင့် မိတ္တူကူးစက်များ ပေးအပ်လှူဒါန်းစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ)

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအတွက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီက ကြိုဆိုရေးနှင့်လေ့လာရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ်မှူးနှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ်မှူးနှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများက တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကရာတေးဒိုနည်းပြသင်တန်း(၁/ ၂၀၀၄) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကရာတေးဒိုနည်းပြသင်တန်း (၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင်ဟောင်း ဒေါက်တာရဲနိုင်ဝင်းက မြန်မာ့ကရာတေးဒိုအားကစား တိုးတက်ပြန့်ပွားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများ၌ အောင်မြင်မှုများ ရရှိရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အနေဖြင့် ၂၀၀၄ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ်များ၊ မြန်မာ့လက်ရွေးစင်အဆင့်အထိ ရောက်ရှိနိုင်သည့် သွေးသစ်အားကစားသမားများအား မွေးထုတ်ပေးနိုင်မည့် မည်သည့်နည်းပြ၊ ကလပ်အသင်းကိုမဆို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ဆုကြေးထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းသို့ အမျိုးသား၄၆ဦးနှင့်အမျိုးသမီးကိုးဦး စုစုပေါင်း ၅၅ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ဂျပန်တပ်ဖွဲ့များ အီရတ်သို့ စေလွှတ်သည်ကို မလိုလား ဂျပန်လူမျိုး ရာပေါင်းများစွာ ဆန္ဒပြ

တိုကျို ဇန်နဝါရီ ၁၉

ဂျပန် မြေပြင်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ စေလွှတ်သည်ကို မကျေနပ်ကြသော ဂျပန်လွှတ်တော် အမတ်များ၊ တက်ကြွသူများနှင့် အလုပ်သမားသမဂ္ဂ အဖွဲ့ဝင်များက ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်ဟု ဂျပန်သတင်းဌာနများက ဖော်ပြကြသည်။

ကန့်ကွက်ဆန္ဒပြ

ယခုတပ်ဖွဲ့များ စေလွှတ်သည့်ကိစ္စသည် ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် မငြိမ်မသက်ဖြစ်နေသော ပြည်ပနိုင်ငံ တစ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့များကို ပထမဦးဆုံး အကြိမ် ပို့လွှတ်သည့် ဖြစ်ရပ်ပင် ဖြစ်သည်။ ထိုကိစ္စကို မကျေနပ်သဖြင့် ဂျပန်လွှတ်တော် အမတ်များနှင့် တက်ကြွသူများသည် တိုကျိုမြို့လယ်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ကျိုဒိုသတင်း ဌာနက ဆိုသည်။

ထည့်သွင်းပြောကြား

လွှတ်တော်ရှေ့တွင် ဆန္ဒပြသူ လူထုကို တရားဟောရာ၌ တာဒါယိုရှိ အီချီဒါက ယခုကဲ့သို့ ဂျပန်တပ်ဖွဲ့များအနေဖြင့် အီရတ်များကို မတော်တဆ သတ်မိသည့် အဖြစ်မျိုးကြုံတွေ့ရနိုင်သကဲ့သို့ မိမိတို့တပ်ဖွဲ့များလည်း တိုက်ပွဲကြောင့် သေဆုံးရသည့် အဖြစ်မျိုးနှင့် ကြုံရနိုင်ကြောင်း ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

ချီတက်ကန့်ကွက်

တာဒါ ယိုရှီအီချီဒါသည် ဂျပန်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ဖြစ်သည်။ ထိုနေ့ စောစောပိုင်းကလည်း ဆန္ဒပြသမား ၆၀၀ခန့်တို့သည် ပါလီမန်လွှတ်တော် အဆောက်အအုံအနီး ဝန်းကျင်နှင့် ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ၏ အယ်ဒီပီ ပါတီရုံးချုပ်ရှိရာ နေရာများဆီသို့ ချီတက်ကန့်ကွက်ကြောင်း ဆန္ဒပြခဲ့ကြသေးသည်။

ရင်ဂိုအလုပ်သမား အဖွဲ့အစည်းသည် ဂျပန်နိုင်ငံတွင် အင်အားအကြီးဆုံး အလုပ်သမား အဖွဲ့အစည်းကြီး ဖြစ်သည်။ ဂျပန်တပ်ဖွဲ့များ အီရတ်သို့ စေလွှတ်သည့်ကိစ္စကိုဆန့်ကျင်ကြောင်း တိုကျိုမြို့၌ ဆန္ဒပြနေချိန်တွင် အိုကီနာဝါမြို့ အုပ်ချုပ်ရေးရုံး၏ ရှေ့တွင်လည်း ရင်ဂိုအလုပ်သမားအဖွဲ့မှ အင်အား ၅၀ခန့်တို့သည် တပ်ဖွဲ့များ စေလွှတ်သည်ကို မလိုလားကြောင်း ကန့်ကွက်ခဲ့ကြသည်ဟု ကျိုဒို သတင်းဌာနက သတင်းပေးသည်။

အတည်ပြုရန်ကျန်သေး

ဂျပန်တပ်ဖွဲ့ဝင် ၁၀၀၀ အီရတ်သို့ စေလွှတ်ရေးကိစ္စကို လွှတ်တော် အနေဖြင့် အတည်ပြုပေးရန် ကျန်ရှိနေသေးသည်ဟု သိရသည်။

မိမိတို့အနေဖြင့် ဂျပန်လွှတ်တော်ကို မိမိတို့နိုင်ငံအား စစ်ပွဲတွင် ပါဝင်စေရန် ခွင့်ပြုသော လွှတ်တော် တစ်ရပ်အဖြစ် အရောက် မခံနိုင်ပေဟု ဆေအီဂျီမာတာအီချီက ပြောကြားခဲ့သည်။ ၎င်းသည် ဆိုရှယ်လစ် ဒီမိုကရက်တစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သည်။

တားမြစ်ထား

စစ်ပြီးခေတ်တွင် အတည်ပြု ထားသော ဂျပန်အခြေခံဥပဒေတွင် အပြည်ပြည်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်သောအခါ အင်အား အသုံးပြုခွင့်ကို အခြေခံဥပဒေက တားမြစ်ထားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၁၈၀ခန့် အကွာရှိ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိ တီကရစ်မြို့ရှိ အခြေစိုက်စခန်းမှ ထွက်ခွာလာသည့် အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် ဆန္ဒပြ

ဇန်နဝါရီ ၁၉ ရက်က ဘဂ္ဂဒက်မြို့ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီဌာနချုပ်အနီးတွင် ဆန္ဒပြနေသည့် အီရတ်နိုင်ငံသားများအား အမေရိကန်လုံခြုံရေး အရာရှိတစ်ဦးက နောက်သို့ဆုတ်ရန် အော်ပြောနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလိပ်အာကာသယာဉ် ဓာတ်ပုံများပေးပို့

လန်ဒန် ဇန်နဝါရီ ၂၀

ဥရောပမှ လွှတ်တင်ခဲ့သည့် မားစ် အိပ်စပရက်စ် အာကာသယာဉ်မှ ရောင်စုံဓာတ်ပုံများကို ပြန်လည်ပေးပို့ခြင်းကြောင့် ဥရောပ အာကာသအေဂျင်စီသည် ယခုအခါ ပြန်လည်ခေါင်းမော့လာနိုင်ပြီ ဖြစ်သည်။ သို့ရာတွင်မားစ် အိပ်စပရက်စ်သည် ဘီဂဲလ်-၂ စူးစမ်းလေ့လာရေးယာဉ်နှင့် အဆက်အသွယ်ရှိလာမည်ဟူ၍ မရှိကြောင်း စီအက်ဖ်အိုင် သတင်းဌာနမှ တင်ပြသွားပါတယ်။

စီအက်ဖ်အိုင်။

အသွင်ကူးပြောင်းရေးအစိုးရအဖွဲ့ ဖွဲ့စည်းရန် အမေရိကန်၏ အစီအစဉ်ကို ကန့်ကွက်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူ ထောင်ပေါင်းများစွာတို့က တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုချီတက် ဆန္ဒပြလျက်ရှိကြောင်း သိရှိရပါသည်။

ဒေသဆိုင်ရာ အသွင်ကူးပြောင်းရေး အစိုးရတစ်ရပ် ရွေးချယ်ဖွဲ့စည်းရေး အတွက် အမေရိကန်အစိုးရ၏ အစီအစဉ်ကို ရှီးယားအများအပြားက ဆန့်ကျင် ကန့်ကွက်လျက်ရှိသည်။

ရှီးယားခေါင်းဆောင် အယာတိုလာ အယ်လ်စစ်စတန်နီကလည်း တိုက်ရိုက်ရွေးကောက်ပွဲတစ်ရပ် အမြန်ကျင်းပပေးဖို့ တောင်းဆို တိုက်တွန်းလျက်ရှိသည်။

ယခုဖြစ်ပွားနေသည့် အီရတ်နိုင်ငံမှ နိုင်ငံရေးအသွင်ကူးပြောင်းမှု အရှုပ်အထွေးတွင် ကုလသမဂ္ဂ အခန်းကဏ္ဍ ပိုမိုပါဝင်လာစေရန် လိုအပ်လျက်ရှိသောကြောင့် နယူးယောက်မြို့တွင် ယင်းကိစ္စအတွက် အမေရိကန် အစိုးရက ကုလသမဂ္ဂနှင့် ဆွေးနွေးလျက်ရှိသည်။

လာမည့် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး အီရတ်နိုင်ငံကို အာဏာပြန်လည် လွှဲပြောင်းပေးဖို့ အမေရိကန်နှင့် အီရတ်အုပ်ချုပ်ရေး ကောင်စီတို့ သဘောတူစီစဉ်ထားသည့် အချိန်ကာလ အတောအတွင်းတွင် တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပပေးရန် အချိန်မလုံလောက်ကြောင်း အမေရိကန်တို့က ပြောဆိုငြင်းပယ်နေသည်ကို ကုလသမဂ္ဂ၏ သဘောတူညီချက်ရန်လည်း အမေရိကန်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

စီအင်န်အင်န်။

ကြေးမုံ The Mirror

အီရတ်တောင်ပိုင်း၌ အီရတ်အမျိုးသမီးရဲတပ်ဖွဲ့ဝင်တစ်ဦးပစ်သတ်ခံရ အမေရိကန်တို့ကျူးကျော်ဝင်ရောက်ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံတောင်ပိုင်း ဒီဝါနီယာမြို့တွင် အီရတ်အမျိုးသမီးရဲတပ်ဖွဲ့ဝင်သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း အီရတ်နိုင်ငံထုတ် အယ်သာစီသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ယင်းမှာ အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့က ဝင်ရောက်ကျူးကျော်ခဲ့ချိန် နောက်ပိုင်း ပထမဆုံးအသတ်ခံရသည့် အီရတ်အမျိုးသမီး ရဲတပ်ဖွဲ့ဝင် ဖြစ်ကြောင်း အဆိုပါမြို့၏ ရဲချုပ်က ပြောကြားသည်ဟု သတင်းစာကဖော်ပြသည်။

ဒီဝါနီယာမြို့မှ အမျိုးသမီးရဲတပ်ဖွဲ့ဝင်သုံးဦးမှာ အလုပ်သို့ အသွားတွင် အမည်မသိရသည့် တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကိုခံရကြောင်း ဗိုလ်ချုပ်ဆလမ်ဂျူမားဟာရှမ်က ပြောကြားသည်။

ယင်းသို့ပစ်ခတ်မှုကြောင့် အမျိုးသမီးရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ သေဆုံးပြီး၊ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ အမျိုးသမီးသုံးဦးမှာ ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ညီအစ်မများ ဖြစ်ကြသည်။

တိုက်ခိုက်သူများအနက် တစ်ဦးကို ဖမ်းဆီးမိခဲ့ကြောင်း စုံစမ်းစစ်ဆေးမှု ပြုလျက်ရှိကြောင်း ယာရှမ်က ပြောကြားသည်။ သို့ရာတွင် သေဆုံးသူ၏ အမည်နှင့် မည်သည့်နေ့ရက်က ဖြစ်ပွားသည်ကိုမူ ၎င်းက ပြောကြားခြင်း မရှိပေ။

ယာယီ အီရတ်အုပ်ချုပ်ရေးကောင်စီသည် ဘဏ်များနှင့် အခြားအရေးပါသော အဖွဲ့အစည်းများတွင် အမျိုးသမီးများကို စစ်ဆေးရှာဖွေရန် အီရတ်အမျိုးသမီးများ လုံခြုံရေးအဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လုံခြုံရေး အခြေအနေအကန့်အသတ်ရှိသော်လည်း အီရတ်ပြန်လည်တည်ဆောက်ရေး ကုလကူညီနေဆဲ

ကုလသမဂ္ဂ ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ အကန့်အသတ်ရှိနေသော်လည်း ကုလသမဂ္ဂ အဖွဲ့ကြီးသည် ၎င်း၏ အမှုထမ်းများနှင့် အီရတ်နိုင်ငံသား ကန်ထရိုက်တာများမှ တစ်ဆင့် အီရတ်နိုင်ငံသားများထံသို့ အကူအညီ အများအပြား ပေးလျက်ရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီ အာနန်က တနင်္လာနေ့တွင် ပြောကြားသည်။

ရာနှင့်ချီသည့် ကုလသမဂ္ဂ၏ နိုင်ငံတကာ အမှုထမ်းများသည် အီရတ်နိုင်ငံ ပြင်ပမှနေ၍ လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးတွင် အီရတ်နိုင်ငံရှိ လုပ်ဖော်ကိုင်ဖက်များနှင့် အကူအညီပေးလျက်ရှိသည့် အီရတ် အုပ်ချုပ်ရေးကောင်စီနှင့် အမေရိကန် ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များ၏ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အာနန်က ယင်းကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

အရှေ့အလယ်ပိုင်းရှိ ရုံးများမှ တစ်ဆင့် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေး အဖွဲ့သည် အီရတ်ဆိုင်ရာ ယာယီကုလသမဂ္ဂ အထူးကိုယ်စားလှယ် ရော့စ်မောင်တိန်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် နယ်စပ်ဖြတ်ကျော်ပြီး ကုန်ပစ္စည်းများ ပေးပို့ရေး၊ ပြန်လည်တည်ဆောက်ရေး စီမံကိန်းများနှင့် အခြားကုလသမဂ္ဂ အေဂျင်စီ များက ဆောင်ရွက်နေသည့် တည် ဆောက်ရေး လှုပ်ရှားမှုများကို ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တပ်များက ပစ်ခတ် ဆီးရီးယားတစ်ဦးနှင့် ယီမင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

ဘဂ္ဂဒက်မြို့ရှိ အိမ်တစ်အိမ်ကို အမေရိကန် တပ်ဖွဲ့ဝင်များက ဝင်ရောက် စီးနင်းကြသည်။ အမေရိကန် တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ဆီးရီးယား တစ်ဦးနှင့် ယီမင်နိုင်ငံသား နှစ်ဦးတို့ သေဆုံးသွားသည်ဟု ရဲဘက်မှ ရရှိသော သတင်းများအရ သိရသည်။

ဝင်ရောက်စီးနင်း

နံနက် ၁ နာရီခွဲခန့်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက အဆိုပါ အိမ်ကို လက်နက်ရှာဖွေရန် ဝင်ရောက်စီးနင်းခဲ့ကြသည်။

အများအပြားတွေ့ရ

အမေရိကန် တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အိမ်အနီးရှိ မြေကွက်ပေါ်တွင် သွေးကွက်များ စွန်းထင်ကျန်နေခဲ့ပြီး နံရံများ၌လည်း ကျည်ဆန်ရာ အများအပြား တွေ့ရသည်။ ထို့အပြင် ထိုကားဂိုဒေါင်အတွင်းရှိ ကားမှာလည်း ကျည်ဆန်ပေါက်ရာ အများအပြားရှိနေသည်ကို တွေ့မြင်ကြရကြောင်း သတင်းများက ဆိုသည်။

ဝင်ရောက်လာ

အမေရိကန် အာဏာပိုင်များက ပြည်ပမှ စစ်သွေးကြွများသည် အီရတ်နိုင်ငံအတွင်း ဝင်ရောက်လာကြပြီး အီရတ်ပြောက်ကျားများကို အကူအညီပေးနေသည်။

အမေရိကန် သိမ်းပိုက် ရေးတပ်များနှင့် အဖွဲ့အစည်းများကို တိုက်ခိုက်ရာ၌ ပါဝင်နေကြသည်ဟု ယူဆထားကြ သည်ဟုဆိုသည်။

အင်တာနက်။



ဇန်နဝါရီ ၁၉ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသော အာရပ်သုံးဦးအနက် တစ်ဦး၏ကလေးငယ်ကို သွေးကွက်များ စွန်းထင်နေသည့် နံရံရှေ့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ညွန့်ပေါင်းအာဏာပိုင်အဖွဲ့ ရုံးရှေ့ဗုံးပေါက်ကွဲ ကုလဝန်ထမ်းများ ပြန်လွှတ်ရေး အဟန့်အတားဖြစ်

နယူးယောက် ဇန်နဝါရီ ၂၁

အမေရိကန် နိုင်ငံ၏ ညှိနှိုင်းမှု အီရတ်သို့ ကုလသမဂ္ဂ ဝန်ထမ်းများ ပြန်လွှတ်ရေး အလျင် အမြန် ဆုံးဖြတ်စေရန် ကုလသမဂ္ဂ အဖွဲ့ကြီးကို သြဇာ လွှမ်းမိုးနိုင်မည့် လက္ခဏာ မရှိဟု ဆိုသည်။

လူ ၂၄ ဦးသေဆုံးစေသည့် ဘဂ္ဂဒက်မြို့တော် အမေရိကန် ဦးဆောင်သည့် ညွှန့်ပေါင်း အာဏာပိုင် အဖွဲ့ဌာနချုပ်၏ ဂိတ်ပေါက်ဝ၌ နဂ်နွေနေ့တွင် ဗုံးပေါက်ခွဲမှုက အီရတ်နိုင်ငံ၌ လုံခြုံရေး အလုံ အလောက် မရှိဟူသော ကုလသမဂ္ဂ၏ အမြင်ကို ပိုမိုအားဖြည့် ပေးလိုက်သလို ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။

အီရတ်နိုင်ငံက အချုပ်အခြာအာဏာပြန်ရပြီး၊ အစိုးရအဖွဲ့ထူထောင်ရေး လှုပ်ရှားနေစဉ်ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီ အာနန်သည် အီရတ်မှ အမေရိကန်အုပ်ချုပ်ရေး မှူးပေါလ်ဘရီမာ၊ အီရတ် အရာရှိများနှင့် ညတွင်းချင်း ဆွေးနွေးလျက်ရှိသည်။

အီရတ်သို့ ကုလသမဂ္ဂ ဝန်ထမ်းများ အမြန် ပြန်ပို့ပေးရေး အမေရိကန်က ညှိနှိုင်းနေစဉ် အီရတ်နိုင်ငံတွင် လုံခြုံရေး အခြေအနေများမှ အန္တရာယ်ကြီးမားဆဲပင်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အထပ်ထပ် ပြောကြားခဲ့သည်။

ထိပ်တန်းကုလသမဂ္ဂ အထူး သံတမန် ဆာဂျီယိုဒီမဲလိုးနှင့် အခြား ၂၁ ဦး သေဆုံးသည့် သြဂုတ် ၁၉ ရက်က တိုက်ခိုက်မှု အပါအဝင် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ အဖွဲ့ရုံးချုပ်ကို နှစ်ကြိမ်တိုင် ဗုံးခွဲတိုက်ခိုက်မှုနှင့်တကွ အခြားသော ဆက်တိုက် တိုက်ခိုက်မှုများ ကြုံတွေ့ပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်ရှိ ကုလသမဂ္ဂ ဝန်ထမ်း များအား ရုပ်သိမ်းခဲ့သည်။

အင်တာနက်။

ဆီးရီးယားသည် အထီးကျန်နိုင်ငံမဟုတ် သမ္မတ ဘရှားအယ်အာဆတ်ပြောကြား

ဒူဘိုင်း ဇန်နဝါရီ ၂၀

ဆီးရီးယားနိုင်ငံတွင် လူအစုအပြုံလိုက်သေစေနိုင်သည့်လက်နက်များ ရှိပြီး စစ်သွေးကြွ အုပ်စုများအား ထောက်ခံအားပေးနေသည်ဟု အမေရိကန်က စွပ်စွဲနေသော်လည်း ဆီးရီးယားသည် အထီးကျန်နိုင်ငံတစ်နိုင်ငံမဟုတ်ကြောင်း ဆီးရီးယားသမ္မတ ဘရှားအယ်အာဆတ်က ပြောကြားကြောင်း လန်ဒန်မြို့ အခြေစိုက် အာရှတ်အယ်-အက်ဆတ်သတင်းစာက တနင်္လာနေ့တွင် ရေးသား ဖော်ပြထားသည်။

မိမိတို့သည် အထီးကျန်ဖြစ်နေသည်ဟု မမြင်မိကြောင်း၊ နိုင်ငံအချို့နှင့် သဘောထားကွဲလွဲမှု ရှိကောင်းရှိနိုင်ကြောင်း၊ သို့ရာတွင် မိမိတို့သည် ဒေသအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရေး ကောင်းမွန်ကြောင်း၊ အတိတ်က ပြဿနာများရှိခဲ့သည့် နိုင်ငံများနှင့်ပင် ဆက်ဆံရေး တိုးတက်ကောင်းမွန်ခဲ့ကြောင်း ဆီးရီးယားသမ္မတက ပြောကြားသည်။

ချူကလီးယား၊ ဓာတုနှင့်ဇီဝလက်နက်များ မရှိကြောင်း ဆီးရီးယားနိုင်ငံက ငြင်းဆန်သည်။ သို့သော် ဆီးရီးယားအနေဖြင့် ၎င်းကိုယ်၎င်း ခုခံကာကွယ် ပိုင်ခွင့်ရှိကြောင်း ပြောကြားသည်။

ဆီးရီးယားနိုင်ငံသည် ဆက်ဒမ်ဟူစိန်၏ အီရတ်အစိုးရဟောင်း ပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်ကို ထိန်းချုပ်ထားကြောင်းနှင့် ဆီးရီးယားနိုင်ငံသို့ ပေးရန်ရှိသည့် ကြွေးမြီများအား ပြန်လည်မပေးမချင်း ယင်းငွေများကို ပြန်လည်ပေးအပ်မည်မဟုတ်ကြောင်း ဆီးရီးယားသမ္မတက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရေနံကို ဒေါ်လာနှင့်မရောင်းဘဲ ရွှေနှင့်သာရောင်းသင့် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ ပြောကြား

ဂျက်ဒါ(ဆော်ဒီအာရေဗျ) ဇန်နဝါရီ ၁၈

အမေရိကန်ဒေါ်လာ၏ ငွေကြေးတန်ဖိုးသည် ကျဆင်းလျက်ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ရေနံကိုအမေရိကန်ဒေါ်လာဖြင့် ရောင်းချခြင်းကြောင့် မိမိရသောတန်ဖိုးနစ်နာဆုံးရှုံးမှုမရှိစေရန် ဒေါ်လာနှင့် မရောင်းဘဲ ရေနံကို ရွှေဖြင့်သာရောင်းချသင့်သည်ဟု မဟာသီယာမိုဟာမက်က ပြောကြားသည်။ ၎င်းသည် မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းဖြစ်သည်။

ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၃၃ ဒေါ်လာနှုန်း ဈေးပေါက်သည်။ သို့သော် ယူရိုငွေကြေးနှင့် ယှဉ်လျှင် အမေရိကန်ငွေသည် ၄၀ ရာခိုင်နှုန်း တန်ဖိုးကျဆင်းနေသည်။ သို့ဖြစ်၍ ရေနံကို ဒေါ်လာငွေဖြင့် ရောင်းချနေခြင်းသည် အမှန်တန်ဖိုးအားဖြင့် ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀ မျှသာ ရှိနေသည့်သဘော သက်ရောက်နေသည်ဟု မဟာသီယာက စီးပွားရေး ကွန်ဖရင့်တွင် မိန့်ကြားသွားသည်။ ထိုစီးပွားရေး ကွန်ဖရင့်သည် ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီ ဆိပ်ကမ်းမြို့ ဂျက်ဒါတွင် ကျင်းပလျက်ရှိသည်။

ရေနံအများဆုံးတင်ပို့

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ အယူအဆမှာ ကမ္ဘာပေါ်၌ ရေနံဈေးနှုန်း မြင့်တက်နေပြီး ဒေါ်လာဈေးနှုန်းလည်း ကျလျက်ရှိရာ မိမိနိုင်ငံအနေဖြင့် ဒေါ်လာကို ကျားကန်ပေးရန် လိုအပ်သည်ဟု ယူဆကြောင်းသိရသည်။

အရေးထားလေးစား

မဟာသီယာသည် လွန်ခဲ့သောနှစ် အောက်တိုဘာလကမှ မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်မှ အနားယူခဲ့ခြင်းဖြစ်သည်။ ၎င်းဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေစဉ်တစ်လျှောက်လုံးလိုလို အနောက်နိုင်ငံများ၏ စီးပွားရေး အယူအဆများကို ဆန့်ကျင်အန်တုခဲ့သောကြောင့် ၎င်းကို အနောက်နိုင်ငံများက စိတ်ပျက်ကြသည်။ မလိုလားကြဟုဆိုသည်။ သို့သော် မဟာသီယာမှာ မွတ်စလင်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အလယ်တွင်မူ တလေးတစား အသိအမှတ်ပြုခံရသူဖြစ်သည်။ ဂျက်ဒါအစည်းအဝေး၌လည်း မဟာသီယာကို အရေးထားလေးစားကြကြောင်း သိရသည်။

ထည့်သွင်းပြောကြား

နိုင်ငံများအနေဖြင့် ယင်းတို့၏ တစ်နှစ်တာ သွင်းကုန်ပို့ကုန်များကို တိုင်းတာချိန်စက်ကြရာ၌ ရွှေဒီနာငွေကြေးဖြင့် တိုင်းတာသင့်ကြောင်းပါ မဟာသီယာက အကြံပေးပြောကြားခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သည် ဆွေးနွေးပြောဆိုမှုများပြုလုပ်ရာတွင် အချို့သော နိုင်ငံများ၏ သဘောထားများကို အလေးမထားဘဲ ဆောင်ရွက်နေကြကြောင်းကိုပါ ထည့်သွင်းပြောကြားသွားသည်။

မဟာသီယာက ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ဒဗလျူတီအိုအဖွဲ့ဝင် အဖြစ်ရရှိရန် အလျင်စလို မကြိုးစားသင့်ကြောင်း၊ ထိုလုပ်ရပ်သည် အပြုသဘောဆောင်သော လုပ်ရပ်ဖြစ်ကောင်းမှ ဖြစ်မည်ဟု သတိပေးပြောဆိုခဲ့ကြောင်း သိရသည်။

အပြုသဘောမဆောင်

ဆော်ဒီအာရေဗျနိုင်ငံ၏ အမြင်မှာမူ မဟာသီယာ၏ အမြင်နှင့်ကွဲပြားသည်။ မိမိနိုင်ငံအနေဖြင့် အမေရိကန်နှင့် မတူညီသော သဘောထားများကို ညှိနှိုင်းပြီးပြီဖြစ်ကြောင်း၊ ဒဗလျူတီအိုအဖွဲ့သို့ အမြန်ဝင်ရောက်ရန် လိုလားကြောင်း ပါရှင်ရာမာနီက ပြောကြားသည်။ ၎င်းသည် ဆော်ဒီအာရေဗျနိုင်ငံ၏ ကုန်သွယ်ရေး ဝန်ကြီးဖြစ်သည်။ မဟာသီယာက နိုင်ငံများသည် ဒဗလျူတီအို အဖွဲ့သို့ ဝင်ရောက်တော့မည်ဆိုလျှင် သတိထား စဉ်းစားသင့်ကြကြောင်း၊ အကြောင်းမှာ ထိုသို့ပြုလုပ်ခြင်းမှာ အပြုသဘောမဆောင်ဘဲ သေချာကျနစွာ ထိန်းကျောင်းနိုင်ခြင်း မရှိလျှင် အနုတ်လက္ခဏာ သဘောပင်ဖြစ်သွားနိုင်ကြောင်းကို သတိပေးစကား ပြောကြားသွားသည်ဟု သတင်းများက ဆိုသည်။

အင်တာနက်။

အီရတ်တွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၁ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

ပြီးခဲ့သော သီတင်းပတ်အတွင်းက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဆာမာရာမြို့၏ မြောက်ဘက်တွင် လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲခဲ့သောကြောင့် ဒဏ်ရာရရှိသွားသည်။ ယခုအခါ၌ ထိုဒဏ်ရာရစစ်သည်မှာ သေဆုံးသွားရပြီဖြစ်ကြောင်းကို စစ်ဘက်ဆိုင်ရာများက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ပြီးခဲ့သောသီတင်းပတ်သောကြာနေ့က အီရတ်နိုင်ငံ၏အလယ်ပိုင်းမြို့တော်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုမြို့သည် အမေရိကန်သိမ်းပိုက်ရေးတပ်များကို ခုခံမှုပြင်းထန်သော တြိဂံဒေသတွင်း၌ တည်ရှိသောမြို့ဖြစ်သည်။

ပြီးခဲ့သောနှစ် မတ်လ ၂၀ ရက်တွင် အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည်။ စစ်မြေပြင်တွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းကို ရေတွက်ရာ၌ ယခုဗုံးဒဏ်ရာဖြင့်သေဆုံးရသူကိုပါ ထည့်သွင်းရေတွက်လျှင် အသက်ဆုံးရှုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင် အစုစုမှာ ၅၀၁ဦးရှိကြောင်း သိရှိရသည်။

အင်တာနက်။

ကားဗုံးပေါက်ကွဲ

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့ ကားဗုံးပေါက်ကွဲရာ နေရာတွင် ဗုံးဒဏ်မှ လွတ်ခဲ့ရသူ အီရတ်နိုင်ငံသားတစ်ဦး လမ်းဘေးပလက်ဖောင်း၌ ငိုကြွေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ဆက်တိုက် ဗုံးခွဲတိုက်ခိုက်ခံရမှုများကြောင့် ဒီမိုကရက်များက ဘုရှ်အား ပြစ်တင်ဝေဖန်

ဝါရှင်တန် ဇန်နဝါရီ ၁၈

အမေရိကန်သမ္မတဘုရှ်အား ရာထူးမှဖယ်ရှားပြီး နေရာအစားထိုးရယူရန် ကြိုးပမ်းနေကြသည့် ဒီမိုကရက်များက ဘဂ္ဂဒက်မြို့တွင် အသေခံကားဗုံးဖောက်ခွဲမှုမှာ အမေရိကန်နိုင်ငံ၏ အီရတ်ဆိုင်ရာ မူဝါဒကျဆုံးမှု၏ သက်သေအထောက်အထားအဖြစ် ညွှန်းပြပြောဆိုကြသည်။

ဖရိုဖရဲဖြစ်စေ

အမေရိကန် အစိုးရအရာရှိများကမူ ယင်းမှာ စစ်ပန်းနေသော အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုကို ဖရိုဖရဲဖြစ်စေရန် လုပ်ကြံမှု တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ပြောဆိုကြသည်။

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သည့် တပ်များ၏ ဌာနချုပ်အဝင်ဝတွင် အသေခံ ကားဗုံးဖောက်ခွဲသဖြင့် တနင်္ဂနွေနေ့က အနည်းဆုံး လူ ၂၅ ဦး သေဆုံးပြီး လူ ၁၃၀ ခန့် ဒဏ်ရာရသွားသည်။

အသေအပျောက်အများဆုံး

ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ အမေရိကန် တပ်ဖွဲ့ဝင်များ အီရတ်ကို သိမ်းပိုက်ပြီးနောက် အတိုက်ခိုက်ခံရမှုများအနက် တစ်ကြိမ် တည်းဖြင့် အသေအပျောက် အများဆုံး တိုက်ခိုက်ခံရမှုဖြစ်သည်။

တိုက်ခိုက်

ထို့ပြင် လူရှစ်ဦး သေဆုံးစေသည့် စားသောက်ဆိုင်ကို နှစ်သစ်ကူး အကြိုနေ့က ကားဗုံးခွဲ တိုက်ခိုက်ပြီးနောက် ထပ်မံဖြစ်ပွားသည့် ပထမဆုံးအကြိမ် ကားဗုံးခွဲ တိုက်ခိုက် မှုလည်းဖြစ်သည်။

နားမလည်

ယခုအခါတွင် မိမိတို့ ချမှတ်ကျင့်သုံးသော အီရတ်ဆိုင်ရာ မူဝါဒမှာ ကျဆုံးခဲ့ပြီဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် မိမိတို့ အမေရိကန် အစိုးရက မူဝါဒလမ်းကြောင်း မပြောင်းသည်ကို မိမိ လုံးဝနားမလည်ကြောင်းဖြင့် မြောက်ကာရိုလိုင်းနား အထက်လွှတ်တော်အမတ် ဂျွန်အက်ဒွပ်က စီတီအက်စ်သတင်းဌာနသို့ ပြောကြားလိုက်သည်။

မိမိတို့လုပ်ရန် တစ်ခုလိုကြောင်း၊ ယင်းမှာ အီရတ်ရှိ လုံခြုံရေးတပ်ကို နိုင်ငံတကာတပ်ဖြစ်အောင် ပြုလုပ်ရန်ဖြစ်ကြောင်း၊ မိမိတို့ လုပ်သင့် သည့် အခြားနည်းလမ်းမှာ အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကို ကုလသမဂ္ဂ သို့ လွှဲပြောင်းပေးရန်ပင်ဖြစ်ကြောင်း ၎င်းက ဝေဖန်ပြောကြားလိုက်သည်။

အင်တာနက်။

မြေညှိစက်သုံး၍ ဖယ်ရှား

ဇန်နဝါရီ၁၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဌာနချုပ်ပြင်ပတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးရသည့် ကားများကို မြေညှိစက်သုံး၍ ဖယ်ရှားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေးဆွေးနွေးပွဲ ကုလသမဂ္ဂ၌ ကျင်းပနေစဉ် အင်အားကြီးမားသည့်ဆန္ဒပြပွဲ ဘဂ္ဂဒက်မြို့တွင် ကျင်းပ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံရေးကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂရုံးချုပ်တွင် ဆွေးနွေးပွဲများ ကျင်းပနေစဉ်မှာပင် အီရတ်နိုင်ငံသားများက ဆန္ဒပြပွဲတစ်ရပ်ကို ဘဂ္ဂဒက်တွင် အင်အားကြီးမားစွာဖြင့် ကျင်းပခဲ့သည်။ ရှီးယားခေါင်းဆောင် အယာတိုလာစစ္စတာနီ၏ တိုက်ရိုက် ရွေးကောက်ပွဲကျင်းပပေးရန် ဆော်ဩချက်အား ထောက်ခံသည့်အနေဖြင့် ရှီးယားအများစုသာမက ဆွန်နီများပါ ပါဝင်သည့် ဆန္ဒပြပွဲတစ်ရပ်ကိုကျင်းပခဲ့ရာ လူအများက ကျူးကျော်မှုကို အလိုမရှိကြောင်း၊ တိုက်ရိုက် ရွေးကောက်ပွဲကို ကျင်းပပေးရန်နှင့် ပြည်သူများ၏ ဆန္ဒကို ဖော်ပြနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုသာ အလိုရှိကြောင်း ကြွေးကြော်ကြသည်။

စီအင်န်အင်န်။

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

ထိုင်းနှင့် မလေးရှားဝန်ကြီးချုပ်တို့၏ သဘောတူညီမှုများ အကောင်အထည်ဖော်ရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၀

ယခုသီတင်းပတ်အတွင်းက ထိုင်းနိုင်ငံသို့ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီ၏ အလည်အပတ်ခရီးစဉ်သည် အလွန်အောင်မြင်မှုရှိကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆေယက်ဟာမစ်အယ်ဘာက စနေနေ့တွင် ပြောကြားသည်။

ဆွေးနွေးကြမည်

နှစ်နိုင်ငံ ဝန်ကြီးချုပ်တို့ သဘောတူညီထားမှု ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မလေးရှားနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် မကြာခဏ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဆေယက်က မလေးရှားနိုင်ငံမြောက်ပိုင်း ကွာလာတီရန်ဂါနုမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

အဗ္ဗဒူလာသည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် မလေးရှားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် နိုင်ငံများ၏ မြို့တော်များသို့ ခရီးလှည့်လည်မှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် ထိုင်းနိုင်ငံသို့ သောကြာနေ့က တစ်ရက်ကြာ သွားရောက်လည်ပတ်ခဲ့သည်။

၁၉၆၇ခုနှစ်က ဖွဲ့စည်းခဲ့သည့် အာဆီယံတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။

ထိုင်းနှင့် မလေးရှားနိုင်ငံတို့သည် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောတူညီချက် ရေးဆွဲရန် သဘောတူညီခဲ့ကြောင်း ဆေယက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗုံးပေါက်ကွဲသဖြင့် ရုပ်ပျက်သွားသည့် အမေရိကန်တပ်ကြပ်ကြီး အမြင်လှအောင် တစ်နှစ်ကြာ ငါးကြိမ်မက ခွဲစိတ်ကုသရဦးမည်ဟုဆို

လာဂရန့် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံ၌ လမ်းဘေးဗုံးပေါက်ကွဲပြီး မျက်နှာမီးလောင်ကာ မေ့မြောသွားသူ အမေရိကန်တပ်ကြပ်ကြီး ဂျိုးဇက်မွန်နာမှာ အမေရိကန်နိုင်ငံ ပြန်ရောက်မှ သတိရလာသည်ဆို၏။

မင်နီဆိုတားပြည်နယ်၊ စိန့်ပေါလ်ဇာတိဖြစ်သော ဂျိုးဇက်မွန်နာအား ရရှိသောဒဏ်ရာများကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွား၍ အမြင်လှအောင် တစ်နှစ်ကြာ အနည်းဆုံးငါးကြိမ် ခွဲစိတ်ကုသမှုပြုရဦးမည်ဟု သိရသည်။ သို့သော် အသက် ၃၅ နှစ်ရှိပြီဖြစ်သော ဂျိုးဇက်မွန်နာမှာ ဇနီး ဇွန်ဒါမွန်နာရှိရာ လာဂရန့်၌ လွန်ခဲ့သည့် ရက်သတ္တပတ်ကပင် မိသားစုနှင့် ပြန်လည်တွေ့ဆုံနေရပြီဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဘဂ္ဂဒက်မြို့တောင်ဘက်မှ စွန့်ပစ်ထားသော နေအိမ်တစ်အိမ်ကို တပ်ကြပ်ကြီး ဂျိုးဇက်မွန်နာတို့၏ တင့်ကားက ကင်းလှည့်စောင့်ကြည့်ရန် တာဝန်ကျလာသည်။ လမ်းဘေးဗုံးထောင်မှုတွင် နာမည်ကျော်ကြားသည့် အမှတ်(၁၀) အဝေးပြေးလမ်းမကြီးအနီး ကင်းလှည့်ရန် စစ်သည်များကို တင့်ကားအတွင်းမှ လမ်းပေါ်ဆင်းကြရန် အမိန့်ပေးရန် သူဆုံးဖြတ်လိုက်သည်။ ထို့နောက် ယာဉ်မောင်းအမြောက်ပစ်ရဲဘော်နှင့် သူကိုယ်တိုင် တင့်ကားအတွင်းမှ ထွက်လိုက်သည်။ ထိုစဉ် ဗုံးတစ်လုံး ပေါက်ကွဲ၍ ဒဏ်ရာရရှိသွားကြသည်။

အနီးအနားတွင် မပေါက်ကွဲသေးသည့် ဗုံးတစ်လုံး တွေ့ရသည်။ ဗုံးနှစ်လုံးစလုံးသာ ပေါက်ကွဲပါက သူတို့အားလုံးသေကုန်ကြတော့မည်ဖြစ်ကြောင်း ဂျိုးဇက်မွန်နာက ပြောကြားသည်။

မေ့ဆေးပေးထားသော ဂျိုးဇက်မွန်နာကို အီရတ်မှ ဂျာမနီ၊ ဂျာမနီမှ အမေရိကန်သို့ ပြန်ခေါ်ခဲ့သည်။

ဝါရှင်တန်ဒီစီရှိ ဝေါလ်တာရီးဒ် စစ်ဆေးရုံသို့ တင်ထားစဉ် ရောက်ရှိလာသော ဇနီးသည်က ၎င်းက မမှတ်မိ၊ သူ့ခင်ပွန်းမဟုတ်ပါဟုပင် ပထမငြင်းဆန်သည်။

အင်တာနက်။

တရုတ်ဘဏ်ထုတ်ချေးသည့် ချေးငွေတိုးတက်လာ

ပေကျင်း ဇန်နဝါရီ ၂၀

တရုတ်ဘဏ်သည် အိမ်ရာ တည်ဆောက်ရေးနှင့် မော်တော်ကားဝယ်ယူရေးတို့အတွက် ၂၀၀၃ခုနှစ်က ချေးငွေ ယွမ် ၁၂၈ ဒသမ ၉ ဘီလျံ ထုတ်ချေးခဲ့ရာ ယမန်နှစ်ကထက် ၃၆ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း တရုတ်ပြည်တွင် ဒုတိယမြောက်အကြီးဆုံး နိုင်ငံပိုင်ဘဏ်ဖြစ်သည့် အဆိုပါဘဏ်မှ အမှုဆောင်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ကဘူး ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်တောင်ပိုင်း အုရူဇန်ပြည်နယ်တွင် တာလီဘန်တိုက်ခိုက်ရေးသမားများဟု ယူဆရသူများက အမေရိကန်စစ်စခန်းတစ်ခုကို တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကဘူးမြို့တွင် တနင်္လာနေ့ကပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များက ပြန်လည်ပစ်ခတ်သဖြင့် တိုက်ခိုက်ရေးသမားတစ်ဦးသေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယန်ဟေးဖာတီက ပြောကြားသည်။

ဒဏ်ရာရသူသုံးဦးတို့ကို ကဘူးမြို့မြောက်ဘက် ကီလိုမီတာ ၆၀ခန့်အကွာရှိ အမေရိကန်ဦးဆောင်သည့်အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်ဖြစ်သော ဘာဂရမ်လေတပ်စခန်းရှိ စစ်ဆေးရုံသို့ ခေါ်ဆောင်သွားသည်။

သေဆုံး

ကဘူးမြို့အရှေ့ပိုင်း ဆင်ခြေဖုံးတွင် ယာဉ်မတော်တဆမှုကြောင့် ယခုလစောစောပိုင်းတွင် ဒဏ်ရာရရှိခဲ့သော အခြား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး မှာ ရရှိသည့်ဒဏ်ရာဖြင့်သေဆုံးခဲ့ရာ ၂၀၀၁ ခုနှစ် အောက်တိုဘာလက အာဖဂန်နစ္စတန်ကို အမေရိကန်က စစ်ဆင်တိုက်ခိုက်ပြီးနောက် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ ဦးရှိသွား ပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ၁၈ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ဘက် အဆာကာဒေသတွင် ဂျပန်နိုင်ငံသားများ စစ်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဓမ္မာရုံကျောင်းသိမ်သမုတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မန္တလေးတိုင်း မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ သာသနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် မန်းမြို့ မြင်းဝန်မင်းကြီးတိုက် မန်းခေတ္တာရာကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒကပဏ္ဍိတ(အဂ္ဂမဟာပဏ္ဍိတ)တို့သည် ဇန်နဝါရီ ၃၀ ရက်မှစ၍ ဇေယျဝတီမြို့ ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန၏ ဓမ္မာရုံကျောင်းတိုက်ကြီးတွင် ဝိသုံဂါမသိမ်သမုတ်ပွဲ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ငြိုးငြင်ခြင်းတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သတင်းအချက်အလက်နည်းပညာ သမိုင်းကြောင်းလေ့လာသုံးသပ်ချက်

အောင်
(မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ယမန်နေ့မှအဆက်

Myanmar ICT Development Corporation

မြန်မာနိုင်ငံတွင် ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းICT ကုမ္ပဏီ ၁၁ခုမှ တစ်ဦးလျှင် ကျပ်သိန်း ၁၀၀စီ မတည်ထည့်ဝင်ခဲ့ကြပြီး Myanmar ICT Development Corporation အမည်ဖြင့် Consortium အဖွဲ့အစည်းတစ်ခုကို တည်ထောင်ဖွဲ့စည်းခဲ့ကြပါသည်။

၎င်းနောက် စီမံကိန်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကနဦး မတည် တည်ထောင်ခဲ့သူ Founder ၁၁ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းကာ Myanmar ICT Development Co.,Ltd. အမည်ဖြင့် Private ကုမ္ပဏီကြီး တစ်ခုအသွင်သို့ ကူးပြောင်းခဲ့ပြီး အစုရှယ်ယာရှင်များ ၅၀ပြည့်သည်အထိ ထပ်မံခေါ်ယူခဲ့ပါသည်။

Myanmar ICT Development Co.,Ltd.(MICTDC) အနေဖြင့် Myanmar ICT Parkအတွင်းရှိ IT ကုမ္ပဏီများအား လိုအပ်မည့် Facilities များ ပံ့ပိုးပေးခြင်း၊ ပြည်ပ IT ကုမ္ပဏီများမှ လာရောက်အလုပ်အပ်နှံနိုင်ရန် (သို့) ပူးပေါင်းဆောင်ရွက်ရန်အတွက် Promotion ဆက်သွယ်ပြုလုပ်ပေးခြင်း၊ Software ရေးဆွဲရန် Idea ရှိပြီး ကွန်ပျူတာနှင့် ICT Infrastructure မတတ်နိုင်သူ Individual User များ အဖွဲ့ငယ်များအတွက် နည်းပညာမှအစ ပံ့ပိုးကူညီပေးမည့် Incubation Center တစ်ခု ဖွင့်လှစ်ထားရှိခြင်း၊ ကုမ္ပဏီ တစ်ခုချင်းမှမလုပ်နိုင်သော Project များကို ကုမ္ပဏီအချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်အောင် စီစဉ်ပေးခြင်း၊ Single Window Service (ခေါ်) One Stop Serviceများ(ဥပမာ-ဘဏ်ချေးငွေကိစ္စ၊ Custom Clearance ကိစ္စ၊ ပတ်စပို့ လျှောက်ထားကိစ္စမှအစ) MICTDC၏ ထောက်ခံချက်ဖြင့် ပိုမိုလျင်မြန်အောင် ဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ Information Gateway စနစ်ကဲ့သို့ ICT ကဏ္ဍနှင့် ဆက်စပ်နေသော မည်သည့်ကိစ္စမျိုးကိုမဆို ဆောင်ရွက်ပေးနိုင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အစိုးရအကြီးအကဲက Myanmar ICT Development Co.အား ရှယ်ယာဝင်များဖြင့်သာ ဖွဲ့စည်းထားသည့် Private ကုမ္ပဏီအသွင်မျိုးမဟုတ်ဘဲ ICT ကို စိတ်ဝင်စားသည့် ပြည်သူများပါ ပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်လာနိုင်စေရန် Public ကုမ္ပဏီကြီးတစ်ခု အသွင်ကူးပြောင်းစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း Public ကုမ္ပဏီသို့ ကူးပြောင်းနိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် MICT Park Conference Hallတွင် MICTDC ၏ အလားအလာညွှန်းတမ်းထုတ်ပြန်ခြင်း၊ အစုရှယ်ယာဝင်များ ခွဲဝေချထားခြင်းနှင့် အစုရှယ်ယာများ ရောင်းချခြင်းအခမ်းအနားတို့ ကျင်းပလျက် အများပိုင်ကုမ္ပဏီသို့ ကူးပြောင်းခဲ့ပါသည်။

ယင်းအခမ်းအနားတွင် MICTDC ၏ အလားအလာညွှန်းတမ်းများဖြစ်သည့် e-Government Project များဖြစ်သော e-Passport, e-Visa, Certification Authority, Smart School, Smart Card, e-Procurement, Trade Electronic Data Interchange တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ ရှေ့လုပ်ငန်းစဉ် စီမံကိန်းများဖြစ်သော Application Service Provide (ASP), Data Processing Service, International Outsourcing, Budget PC Production & Distribution, Call Center and Information Service Provider Project များနှင့် MICT Park တတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းဖြစ်သော ငါးထပ်အဆောက်အအုံ Cyber Mall နှင့် ၁၈ ထပ်အမြင့်ရှိ Cyber Tower များ တည်ဆောက်မည့် အစီအစဉ်များကို ဒါရိုက်တာအဖွဲ့မှ ပရိသတ်သို့ ဆက်လက်ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ပြည်သူလူထုအနေဖြင့်လည်း သတင်းဆက်သွယ်ရေးနည်းပညာများကို ပညာရပ်ပိုင်းအဖြစ်သာမက စီးပွားရေးလုပ်ငန်းပိုင်းတစ်ခုအနေဖြင့်ပါ စိတ်ဝင်စားမှုရှိနေခြင်းကြောင့် ယုံကြည်စွာ ဝယ်ယူရင်းနှီးမြှုပ်နှံကြသည့်အတွက် ကနဦးက MICTDC အနေဖြင့် အစုရှယ်ယာပေါင်း နှစ်သိန်းခွဲသာ ဦးစွာရောင်းချထားရန် ဆုံးဖြတ်ထားသော်လည်း ရှယ်ယာဝယ်သူ၊ ရင်းနှီးမြှုပ်နှံလိုသူများပြားခဲ့သဖြင့် အခမ်းအနားပွဲအပြီးတွင် ကျန်အစု နှစ်သိန်းခွဲကိုပါ ထုတ်ရောင်းပေးခဲ့ရသဖြင့် သတ်မှတ်ထားသော အစုပေါင်း ငါးသိန်းကို အကုန်အစင် ရောင်းချပေးနိုင်ခဲ့ပါသည်။

Myanmar ICT Park

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ICT သည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်အမြင့်အမားဆုံးနှင့် အကြီးမားဆုံး စီးပွားရေးလုပ်ငန်း နယ်ပယ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ GDPများတွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများနည်းတူ ICTဖွံ့ဖြိုးတိုးတက်မှုသည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် များစွာ အထောက်အကူပြုနိုင်မည့်အပြင် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကကျသော စွမ်းအားစုတစ်ခုလည်း ဖြစ်လာနိုင်ပေသည်။

ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ ICT Industry တွင် Software ကဏ္ဍ၌ ယှဉ်ပြိုင်ရန်အတွက် အခွင့်အလမ်းနှင့် အလားအလာကောင်းများ များစွာရှိနေပါသည်။

ကွန်ပျူတာအသုံးချ Softwareများ ရေးသားထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်၊ ပြည်ပနိုင်ငံများမှ Software Developmentလုပ်ငန်းများ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ Software များ လာရောက်အပ်နှံနိုင်ရန်နှင့် Software Developer လူငယ်ပညာရှင်များ မွေးထုတ်သွားနိုင်ရန် ရည်ရွယ်လျက် Software နှင့် Computer ကုမ္ပဏီများစုစည်းပြီး Consortium ကုမ္ပဏီတစ်ခု ဖွဲ့စည်းခဲ့ပါသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် အကြီးဆုံး Software Park ဖြစ်လာမည့် Myanmar ICT Park ကို ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေအတွင်းရှိ ဇွဲကပင်ဆောင်နှင့် ထီးကိုးလက်ကြားငါးဧကခန့် ကျယ်ဝန်းသော မြေနေရာတွင် ၂၀၀၁ ခုနှစ် ဧပြီလအတွင်းက စတင်တည်ဆောက်ခဲ့ရာ ၂၀၀၁ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် စီမံကိန်းပထမအဆင့် (Phase1) အဆောက်အအုံများအားလုံး တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

Myanmar ICTPark အတွင်း စီမံကိန်း ပထမအဆင့်အနေဖြင့် အထပ်သုံးထပ်ပါရှိသည့် ပင်မအဆောက်အအုံတစ်ခု၊ နှစ်ထပ် Canteen အဆောင်တစ်ဆောင်၊ Software Developer ကုမ္ပဏီရုံးခန်းများ၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် Production Block နှစ်ထပ်ဆောင် လေးဆောင်နှင့် ကားရပ်နားရန်နေရာများပါဝင်သည်။

Production Block အဆောက်အအုံ တစ်ခုစီတွင် တစ်ထပ်လျှင် ၂၇ ပေ x ၄၈ ပေရှိ အခန်းလေးခန်း စုစုပေါင်းရှစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းများ၊ Internet Connection များ အဆင်သင့် (Plug In)အသုံးပြုနိုင်ရန် စီမံထားရှိပါသည်။

Phase (2)အနေဖြင့် MICT Park အနောက်ဘက်ရှိမြေကွက်ပေါ်တွင် Production Block သုံးထပ်အဆောက်အအုံသုံးလုံးကို ၂၀၀၂ ခုနှစ် မေလအတွင်း စတင်တည်ဆောက်ခဲ့ရာ ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးခဲ့ပြီး ယခုအခါ Software Company များအတွက် အခန်းပေါင်း ၃၆ ခု ထပ်မံရရှိနိုင်မည်ဖြစ်ပါသည်။

ယခုအခါ အဆိုပါ Production Block များ၌ ပြည်တွင်း၊ ပြည်ပ IT ကုမ္ပဏီများနှင့် IT နှင့် နီးနွယ်ဆက်စပ်နေသော စီးပွားရေးအဖွဲ့အစည်း ၅၀ခုမှ အခန်းများ ငှားရမ်းရယူထားကြပြီး အများစုမှာ Software Development လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

Phase (3)တည်ဆောက်ရေးတွင် ပြည်ပနိုင်ငံများ၌ရှိသည့်အတိုင်း ICT ဆိုင်ရာ Softwareများသာမက Hardware များကိုပါ တစ်စုတစ်စည်းတည်း ခင်းကျင်းပြသရောင်းချနိုင်မည့် Cyber Mall အဆောက်အအုံတစ်ခု ပါဝင်မည်ဖြစ်သည့်အပြင် ICT နှင့် နီးနွယ်နေကြသည့် စီးပွားရေးလုပ်ငန်းများပါ လာရောက် အလုပ်လုပ်နိုင်အောင် Business Center ကဲ့သို့ အဆောက်အအုံတစ်ခုကိုပါ ထပ်မံတည်ဆောက်သွားမည်ဖြစ်ပါသည်။

Myanmar ICT Park အဆောက်အအုံများတည်ဆောက်ရန်အတွက် မြေနေရာကို ပညာရေးဝန်ကြီးဌာနမှလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လည်းကောင်း၊ Telecommunication ဆိုင်ရာ Infrastructure များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Bagan Cybertech တို့မှလည်းကောင်း ကူညီခဲ့ပါသည်။

အီးအာဆီယံ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ICTကဏ္ဍအား စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန်အတွက် ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး e-National Task Force ကို ၂၀၀၀ပြည့်နှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။

ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးမှ ဦးဆောင်လျက် လုပ်ငန်းကော်မတီ ခုနစ်ခုဖြင့် ဖွဲ့စည်းထားရာ ယင်းတို့မှာ ICT Application Committee, Legal Committee,Infrastructure Committee, Standardization Committee, Liberalization Committee, e-Measurement Committee နှင့် Education Committee တို့ဖြစ်ကြသည်။

National Level Project များ ဖြစ်ထွန်းလာစေရန်၊ Cyber Law ပေါ်ထွက်လာစေရန် အစရှိသည့် ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်သာမက ICT ဆိုင်ရာ အာဆီယံသဘောတူညီမှုများကို အချိန်ကိုက်ပြီးစီးအောင်လည်း ဆောင်ရွက်လျက်ရှိပါသည်။

Cyber Law

နိုင်ငံတော်၏ ICT နည်းပညာနှင့်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာရှိစေရန်မှာ အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ယင်းအတွက် ၁၉၉၆ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့တွင် ဥပဒေအမှတ် ၁၀/၉၆အဖြစ် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ထုတ်ပြန်ခဲ့သည်။

ယင်းဥပဒေတွင် အခန်း(၁၁)ခန်း၊ ပုဒ်မခွဲ (၄၂)ခုပါဝင်ပြီး ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်လမ်းညွှန်ရန်အတွက် ကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းရေး၊ စွမ်းအားစုများကို စုစည်းဆောင်ရွက်နိုင်ရန် ကွန်ပျူတာအသင်းများ အဆင့်ဆင့်ဖွဲ့စည်းရေး၊ ICT Industry ကျယ်ပြန့်စွာဖြစ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သော ကွန်ပျူတာများ တင်သွင်းရေး၊ ကွန်ရက်များထူထောင်ခြင်း၊ ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်ခြင်းတို့ကို စနစ်တကျဖြစ်စေရေး စသည့်အချက်များ အဓိကပါဝင်ပါသည်။

ယင်းနောက် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေနှင့် ကွန်ပျူတာကွန်ရက်များ ချိတ်ဆက်ရေးနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာတို့ကို ဆက်လက်ထုတ်ပြန်ခဲ့သည်။

ယခုအခါတွင် e-Government နှင့် e-Commerce ဆိုင်ရာလုပ်ငန်းများ ချောမွေ့အောင် ဆောင်ရွက်နိုင်ရေးအတွက် အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ (Electronic Transactional Law) ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလအမီ ထုတ်ပြန်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ယင်းဥပဒေနှစ်ခုအပြင် လက်ရှိဆက်သွယ်ရေး ဥပဒေနှစ်ခုအပါအဝင် အသစ်ထုတ်ပြန်မည့် ဆက်သွယ်ရေး ဥပဒေနှင့်ပါဆိုလျှင် မြန်မာနိုင်ငံတွင် Comprehensive Cyber Law တစ်ခု ဖြစ်ထွန်းလာပြီဟု ဆိုနိုင်ပါသည်။

National Level Project များ

မြန်မာနိုင်ငံတွင် ICT ဆိုင်ရာ National Level Project များကို e-National Task Force ၏ Application ကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းတို့အနက် e-Government နှင့် e-Commerce တို့အတွက် မရှိမဖြစ် လိုအပ်သော Certification Authority (CA)Project အား ဆောင်ရွက်ရန် မလေးရှားနိုင်ငံမှ MSC Trust Gate Sdn, Bhd, Co. နှင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် MOU ထပ်မံတိုးချဲ့ပြီး Myanmar Electronic Trust မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး ၂၀၀၄ခုနှစ် နှစ်ဦးပိုင်းတွင် လုပ်ငန်းများ စတင်နိုင်မည် ဖြစ်ပါသည်။

TEDI ခေါ် Trade Electronic Data Interchange Project အား ဆောင်ရွက်ရန် Asean Trade EDI CO. နှင့် MOU ချုပ်ဆိုခဲ့ပါသည်။ MICTDC မှ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် System Study လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေပြီဖြစ်ပါသည်။ ယင်း Projectပြီးစီးသွားပါက ကုန်သွယ်မှုလုပ်ငန်းများအတွက် ဝန်ကြီးဌာနပေါင်းစုံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရာတွင် များစွာလွယ်ကူလျင်မြန်သွားမည်ဖြစ်ပြီး Asean TEDI နှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

e-Procurement Project အတွက် MICTDC နှင့် ပြည်တွင်းICT ကုမ္ပဏီများဖြင့်သာ စုပေါင်းဆောင်ရွက်ရန်စီစဉ်ထားပြီး ဖြစ်ပါသည်။ System Study လုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျက် System Development လုပ်ငန်းများ စတင်နေပြီဖြစ်ပါသည်။ Project တစ်ခုလုံးပြီးစီးသွားပါက အစိုးရဌာနများအားလုံး၏ ဝယ်ယူရေးများကို Online မှတစ်ဆင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

Smart School Projectအတွက် မလေးရှားနိုင်ငံမှ MDC က Pilot Project အနေနှင့် အခြေခံပညာကျောင်း သုံးကျောင်းအား စနစ်အပြည့်အစုံ တပ်ဆင်ပေးထားပြီး လေ့ကျင့်သင်ကြားပေးခြင်း၊ သင်ခန်းစာများအား ဘာသာပြန်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီးဖြစ်သည်။ ယခုအခါ နိုင်ငံအနှံ့ ကျောင်းပေါင်း ၁၀၀ အား တိုးချဲ့နိုင်ရန် Bagan Cybertech ၏ အကူအညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

e-Taxation Project အား MICTDC နှင့် ပြည်တွင်း ICT ကုမ္ပဏီများမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ ပထမအဆင့်အဖြစ် Sales Tax များကို ကောက်ခံနိုင်သည့်စနစ် ထူထောင်နိုင်ရန် System Study လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

Account Trade အား MICTDC နှင့် ပြည်တွင်း ICT ကုမ္ပဏီများ ပူးပေါင်း၍ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

Smart Card Project ကို ကာကွယ်ရေးဝန်ကြီးဌာနအတွက် Pilot Project အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

e-Passport Project တွင် ပထမအဆင့်အနေဖြင့် Passport 5000 အားထုတ်ပေးရန် လျာထားပြီး ယခုအချိန်တွင် အုပ်ရေ ၄၀၀၀ ကျော်အား ထုတ်ပေးထားပြီးဖြစ်ရာ စတင်အသုံးပြုလျက် ရှိနေပြီ ဖြစ်ပါသည်။

e-Visa Project မှာ နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက်လိုသူ ပြည်ပဧည့်သည်များအတွက် သက်ဆိုင်ရာနိုင်ငံ၏ သံရုံးများသို့ သွားရောက်၍ Visaယူရန်မလိုဘဲ Onlineမှ Visa လျှောက်ထား ရယူနိုင်သည့်စနစ်ဖြစ်၍ ၂၀၀၄ ခုနှစ်တွင် စတင်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

စလင်းဒေသမှ နယ်ချဲ့တော်လှန်ရေး

ဦးစန်းညိုအောင်(စလင်း)

(၁၉၉၇ခုနှစ်ထုတ် စလင်းမြို့နယ် ငွေရတုမဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြပါသည်)

စလင်းမြို့၏ မြောက်ဘက်အပိုင်းတွင် တည်ရှိသော ဇာတီလှ(စေတီလှ)သုသာန်သည်သစ်ကြီးဝါးကြီးများနှင့်အလွန် အေးချမ်းဆိတ်ငြိမ်သော နေရာကလေးတစ်ခု ဖြစ်သည်။ ထိုသုသာန်သည် ထာဝရအိပ်စက်သူတို့၏ ချမ်းမြေ့စွာ ကွန်းခိုသော ဘုံဗိမာန်ကလေးဖြစ်သကဲ့သို့ ကျွန်တော်တို့ ငယ်စဉ်က ငှက်ပစ်ထွက်ရာဒေသလည်း ဖြစ်ခဲ့ပါသည်။ သုသာန်အဝင်ဝ၌ အုတ်တံတိုင်းခတ်၍ စနစ်တကျ မြုပ်နှံထားသော သင်္ချိုင်းဂူများရှိလေရာ ဒေသခံများနှင့် ကျွန်တော်တို့က အင်္ဂလိပ်သင်္ချိုင်းဟူသော အမည်နာမနှင့် အသိအမှတ်ပြုထားခဲ့ကြသည်။ ကျွန်တော်တို့ ကလေးသူငယ်များအတွက်မူ အမြင်ဆန်းသည့် ခံစားချက်မှတစ်ပါး အခြားထူးခြားမှုကို မတွေ့မြင် မခံစားနိုင်ခဲ့ပါ။

အထက်တန်းကျောင်းသားဘဝရောက်သောအခါတွင်မူ လူကြီးသူမတို့၏ ပြောစကားများအရ ယင်းအုတ်ဂူတို့မှာ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲအတွင်း၌ စလင်းဒေသတွင် ကျဆုံးခဲ့သည့် နယ်ချဲ့လက်ပါးစေတို့ အုတ်ဂူများ ဖြစ်ကြောင်း၊ ၎င်းတို့အား ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူခဲ့သူများမှာ ဗိုလ်ဥတ္တမ၊ ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းကလေး တို့ဖြစ်ကြောင်းကို သိခွင့်ရခဲ့သည်။ ပိုမိုလေးနက်သော အသိတရားဖြင့် ၁၉၆၇ခုနှစ်၌တွေ့မြင်ရသော ထိုအုတ်ဂူ တို့မှ သင်္ချိုင်းစာများကို အောက်ပါအတိုင်း မှတ်တမ်း တင်ထားမိပါသည်။

ဂူအမှတ်

(၁) ပျက်စီးနေ၍ ဖတ်မရတော့ပါ။ အကြီးဆုံး အုတ်ဂူဖြစ်သည်။ စကျင်ကျောက်ဖြူဖြင့် တည်ဆောက်ထားသည်။ Major Edward ဂူဟု ဆိုကြသည်။

(၂) In Memoriam, Major R.F Atkinson, 2nd Hampshire Regt; Killed in action at Salenmyo, 31[st] July 1886; age 36 years, Deeply regretted by his brother officers.

(၃) Sergt. Lever,2 [nd]King's Regt.

(၄) Pte Arnold, 2[nd] King's Own Regt.

(၅) Pte Carper, 2[nd] King's Own Regt.

(၆) Pte Verry, 2[nd] King's Own Regt.

(၇) Pte S. Gregson, 1[st] Batt. Rifle Brigade

(၈) C.Hall, Leicestershire Regt.

(၉) Pte. J. Manship, Leicestershire Regt.

(၁၀) Corporal G. Ghanty, Leicestershire Regt.

(၁၁) Pte. Robb, Royal Fusilers.

(၁၂) Pte.A. Simpkin 1[st] Batt. Rifle Brigade.

(၁၃) Pte.C. Franklin: 1[st] Batt. Rifle Brigade.

(၁၄) Pte.G. Cook,Leicestershire Regt.

(၁၅) Pte.W. Pasnett: Leicestershire Regt.

(၁၆) ပျက်စီးနေပြီ ဖတ်မရပါ။

(၁၇) Pte.J. Westbrook; Leicestershire Regt.

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများကို အင်္ဂလိပ်နှင့် သုံးကြိမ်တိုက်ခိုက်ခဲ့ရလေသည်။ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲကို ခရစ်နှစ် ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အထိ ဘကြီးတော်ဘုရားလက်ထက်တွင် ဆင်နွှဲခဲ့ရာ ရခိုင်နှင့် တနင်္သာရီဒေသအား ဆုံးရှုံးခဲ့ရလေသည်။ ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲမှာ ပုဂံမင်းလက်ထက် ခရစ်နှစ် ၁၈၅၂ခုနှစ် ဧပြီလမှ ၁၈၅၂ ခုနှစ် နိုဝင်ဘာလအထိ ကြာညောင်းခဲ့သည်။

ယင်းစစ်ပွဲအပြီးတွင် မြေထဲမြို့(အောင်လံမြို့)၏ တောင်ဘက်ခြမ်းမှ အစပြုသည့် အောက်မြန်မာပြည်ကို နယ်ချဲ့သို့ပေးအပ်ခဲ့ရပြန်သည်။ သီပေါမင်းလက်ထက်၌ တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲဖြစ်ပွားခဲ့ပြန်ရာ စစ်ပွဲကာလ ၁၄ ရက်သာကြာမြင့်ခဲ့ပြီးနောက် ၂၈–၁၁–၁၈၈၅ နေ့မှ စတင်၍ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဖြစ်ခဲ့ရပါတော့သည်။

သူ့ကျွန်မခံလိုသော မြန်မာအမျိုးသားများသည် နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲအား ဆက်လက်ဆင်နွှဲခဲ့ရာ စလင်းဒေသမှ တော်လှန်ခုခံခဲ့သော မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်များကို အောက်ပါအတိုင်း တွေ့ရှိရသည်။ ဗိုလ်ဥတ္တမ၊ ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းလေး၊ မြတောင်ဗိုလ်၊ ဗိုလ်ဥတ္တရ၊ ဗိုလ်ရွှဲ၊ ဗိုလ်ကျားကြီး၊ ဗိုလ်ထွန်းစံ၊ ဗိုလ်ရာကျော်၊ ပန်ဆေးကန်ဗိုလ်၊ ဗိုလ်ခံသီး၊ ဗိုလ်ကျားလေး၊ ဗိုလ်အဲကြီး၊ ရွှေလုံဗိုလ်၊ ဗိုလ်လက်ဝါး၊ ပုဏ္ဏားပုံဗိုလ်၊ ဗိုလ်ကျော်လှ၊ ဗိုလ်ရွှေစာ၊ ဗိုလ်ချစ်ပို၊ ဗိုလ်ပြေ၊ ဗိုလ်တေ၊ ဗိုလ်ချမ်းတုတ်၊ ဗိုလ်ဦးကျော်၊ ဗိုလ်ရွှေကွန်း၊ ဗိုလ်နေမီး၊ ဗိုလ်မဲခေါင်၊ ဗိုလ်သာဒင်၊ သံစာဗိုလ်၊ ရှင်လိုင်ပုံဗိုလ်၊ စိန်တောင်ဗိုလ်၊ မောင်ဘောက်ကန်သား ဗိုလ်ကြာလန်း၊ ဗိုလ်ထွန်းအောင်၊ ဗိုလ်ဆေးနီ၊ ကိုရင်ကြီးဗိုလ်၊ တညောင်သူကြီးဦးထာ၊ တောင်ဗိုလ်ကြီး၊ ပဲခူးဗိုလ်၊ ဗိုလ်ကင်၊ ဗိုလ်ကံသိန်း၊ ဦးပရမ၊ ဗိုလ်ရာဘော်၊ ဗိုလ်ရွှေပွင့်၊ ဗိုလ်တိမ်ပြောက်၊ ဗိုလ်ညိုမှဲ့၊ ဗိုလ်ဗျိုင်းတောင်၊ ဗိုလ်ပေဦး၊ ဗိုလ်ခရား စသည်တို့ဖြစ်ကြသည်။

၎င်းဗိုလ်များအနက်မှ မြတောင်ဗိုလ်၊ စိန်တောင်ဗိုလ် တို့မှာ သီပေါဘုရင်၏ အောက်မြစ်စဉ်စစ်ကြောင်းမှူး၊ လှေသင်းဝန် ရွှေဦးမောင်၏တပ်မှဖြစ်ပြီး ပါတော်မူပြီးနောက်မှ စလင်းဒေသအား ခြေကုပ်ယူပြီး ဒေသခံတော်လှန်ရေး ဗိုလ်များနှင့် ပူးပေါင်းဆန့်ကျင်ကြခြင်းဖြစ်သည်။ ထို့အတူ ဗိုလ်ရွှဲမှာ မင်းတပ် သူကြီးဖြစ်ပြီး စလင်း၊ မင်းဘူး၊ ပန်းတိမ်း၊ ငဖဲ၊ သရက်၊ မင်းတပ်၊ ပခုက္ကူ အစရှိသော နယ်များ၌ လှည့်ပတ်၍ စည်းရုံးတော်လှန်နေခြင်းဖြစ်သည်။ ဗိုလ်ရွှဲ၏ သားနှစ်ဦးဖြစ်သောဗိုလ်စောဥနှင့်ဗိုလ်စောပုတို့သည်ကား ရခိုင်ရိုးမတောင်ခြေရှိ တောတောင်များ၌ ခိုအောင်း ပုန်ကန်ကြသည်။ ဗိုလ်ရွှဲမှာ သူ့ကျွန်မခံလိုသော ပြင်းပြသည့် မျိုးချစ်စိတ်ကြောင့်သာ တော်လှန်ပုန်ကန်နေသော်လည်း ထိုစဉ်ကာလက သူ၏အသက်မှာ ၅၀ ခန့်ရှိနေပြီဖြစ်သည်။

စလင်းမြို့ဝန်ဟောင်းဗိုလ်ရာကျော်မှာမူလက မင်းတုန်းမင်း၏ တံခါးနီအစောင့်တပ်မှ သာမန်အဆင့်ရှိ ရဲမက်တစ်ဦး မျှသာဖြစ်သည်။ ကနောင်မင်းသား လုပ်ကြံခံခဲ့ရသည့် မြင်ကွန်း မြင်းခုံတိုင်အရေးတော်ပုံတွင် မင်းတုန်းဘုရင်အား အသက်စွန့်၍ ကာကွယ်မှုပေးခဲ့သဖြင့် တံခါးနီ ဗိုလ်ဟူသော မြင့်မားသည့်ရာထူးကို ယုံကြည်စွာပေးအပ်ခြင်းခံခဲ့ရသည်။ တံခါးနီဗိုလ်၏တာဝန်မှာ အခွင့်အမိန့် မရရှိသူများနှင့် မလိုလားအပ်သူများ၊ ရန်သူများ တံခါးနီဂိတ်ကို ဖြတ်၍ မင်းတရားကြီးထံသို့ မရောက်ရှိစေရန်အတွက် လုံခြုံရေး တာဝန်ယူထားရခြင်းဖြစ်သည်။ ထိုစဉ်ကာလ၌ ဗိုလ်ရာကျော်၏အသက်မှာ ၂၅ နှစ်ခန့်သာ ရှိခဲ့ပါသေးသည်။ အလွန်ရဲစွမ်းသတ္တိရှိပြီး ကျွမ်းကျင်သော ဓားသမားဖြစ်သည့်တိုင် ထင်ပေါ်ကျော်ကြားလိုစိတ်၊ မောက်မာသောမာန မရှိသည့်သူဖြစ်ခဲ့သည်။ သို့အတွက်ကြောင့်လည်း နန်းတွင်းပုန်ကန်မှုကြီး၌ မြင်ကွန်းမြင်းခုံတိုင်တို့ကို သတ်ဖြတ်နိုင်သည့် အခွင့်အရေးရရှိခဲ့သည့်တိုင် ၎င်း၏ဓားဖြင့် မင်းသွေးကိုအစွန်းမခံချင်သည့် ဆန္ဒကြောင့် လွှတ်ပေးခဲ့လေသည်။

ရိုးသားဖြောင့်မတ်ပြီး မင်းတုန်းမင်းတရားကြီး၏ အချစ်တော်ဖြစ်နေသည့် တံခါးနီ ဗိုလ်ကလေးအား ဝန်ကြီးတစ်ဦး၏သမီးနှင့် လက်ဆက်ပေးခဲ့သည်။ ကြင်စဦး ဇနီးမောင်နှံနှစ်ဖော်တို့ မိုးမမြင်လေမမြင် ပျော်ရွှင်နေကြရာမှ ကြမ္မာဆိုး ဝင်ရောက်လာသဖြင့် ဇနီးဖြစ်သူမှာ မီးဖွားစဉ် ကွယ်လွန်ခဲ့သည်။ ပြင်းပြသောဝေဒနာအား သက်သာလိုသက်သာငြားဖြင့် ထန်းရည်သောက်ခြင်း၊ ကြက်တိုက်ခြင်းများကို အစဉ်အလာမရှိဘဲပြုမူဆောင်ရွက်ခဲ့ရာ တစ်ခါသော် ထန်းရည်မူးနေစဉ် ကြက်ဝိုင်း၌ မင်းတရားကြီးမှ ချီးမြှင့်ထားသည့် တံခါးနီဗိုလ်အဆောင်အယောင် ရွှေစလွယ်ကို ပေါင်နှံမိခဲ့သည်။ မပြုသင့်သောအမှုကို ပြုမိသဖြင့် သေဒဏ်ကဲ့သို့သော ကြီးမားသည့်ပြစ်ဒဏ်ကို ခံရဖွယ်ရှိသော်လည်း ရိုးသားသည့် ပင်ကိုစရိုက်နှင့် ခံစားနေရသည့် သောကဝေဒနာကို စာနာထောက်ထားပြီး သက်ညှာစွာ ပြစ်ဒဏ်ပေးတော်မူခဲ့သည်။ ထိုအပြစ်ဒဏ်မှာ နန်းတွင်းရုပ်စုံတော်ကြီးတင်ဆက်ပြသသည့် သဘင်ပွဲတစ်ခုတွင် ဗိုလ်ရာကျော်အား ဘီလူးခေါင်းဆောင်းခိုင်းပြီး ဘီလူးက ကစေခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်း နတ်ရွာစံခါနီးသောကာလ၌ နန်းတွင်းတွင် အုပ်စုများကွဲကြပါတော့သည်။ မင်းတုန်းမင်း၏ များလှစွာသော သားတော်များနှင့် မယ်တော်များသည် မိမိတို့လိုလားသူများ ထီးနန်းစည်းစိမ် ဆက်ခံနိုင်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားကြလေရာ နန်းတွင်းရေးမှာလည်း ပိုမို၍ရှုပ်ထွေးလာခဲ့လေသည်။ ဤသပွတ်အူ ဇာတ်ထုပ်ထဲ၌ မပါဝင်လိုသူ၊ အေးဆေးစွာနေလိုသူ



ဗိုလ်ရာကျော်မှာ ဘေးကျပ်နံကျပ်နှင့်အနေခက် အပြောခက်လှသောကြောင့် နန်းတွင်းနှင့် ဝေးရာဒေသတစ်ခုခုတွင် တာဝန်ထမ်းဆောင်လိုကြောင်း ဘုရင်မင်းတရားထံ အရဲစွန့်၍ လျှောက်ထားခဲ့လေသည်။ မင်းတရားကြီးမှာလည်း မိမိနှင့်ဝေးကွာလှသော အရေးပါအရာရောက်သည့် နယ်မြေ၌ စိတ်အချဆုံးသော လူယုံတော်တစ်ဦးကို ထားချင်သည့် ဆန္ဒရှိသဖြင့် စလင်းမြို့တွင် မြို့ဝန်အဖြစ် တာဝန်ထမ်းစေရန် ကြည်ဖြူလိုလားစွာဖြင့် ခန့်အပ်တော်မူခဲ့သည်။

စလင်းမြို့ဝန်မင်း ဦးရာကျော်သည် မြို့ဝန်အဖြစ်နှင့် အေးချမ်းသာယာစွာ သစ္စာရှိရှိ တရားမျှတမှု အပြည့်နှင့် အုပ်ချုပ်ခဲ့ရင်း စလင်းသူတစ်ဦးနှင့် ဒုတိယအိမ်ထောင်ကျခဲ့သည်။ မြို့ဝန်အဖြစ် ခုနစ်နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးသောအခါတွင် တာဝန်မှ အနားယူခဲ့ပြီး စလင်းမြို့၏ အနောက်ဘက် မိုင်လေးဆယ်ခန့် အကွာတွင်ရှိသော စေတုတ္တရာမြို့အနီးတွင် ကြောင့်ကြ ပူပင်မှုကင်းရှင်းစွာဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ဇောက်ချလုပ်ကိုင်ရင်း လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ပြန်သည်။

တောင်သူကြီးဘဝနှင့် သုံးနှစ်ခန့်အကြာ ခရစ်နှစ် ၁၈၈၅ခုနှစ် နိုဝင်ဘာလကုန်ခန့်တွင် သီပေါဘုရင်နှင့် စုဖုရားလတ် မိဖုရားအရှင်နှစ်ပါးအား ဗြိတိသျှနယ်ချဲ့မှ နန်းချလိုက်ကြောင်း ကြားသိရသဖြင့် နေပြည်တော်သို့မြင်းနှင့် အပြင်းနှင်ခဲ့လေသည်။ ၂၉–၁၁–၁၈၈၅နေ့ နေဝင်ချိန်၌ မန္တလေးသို့ ရောက်ရှိခဲ့သောအခါတွင် အရှင်နှစ်ပါးအား သူရိယ မီးသင်္ဘောပေါ်သို့ သယ်ဆောင်သွားသည်ကို ရင်နင့်ဖွယ်ရာမျက်မြင်ကိုယ်တွေ့ ကြုံဆုံခဲ့ရပြန်သည်။ အားမတန်၍ မာန်လျှော့ရင်း ဆက်လက်ဆောင်ရွက်ရဦးမည့် ရေ့လုပ်ငန်းစဉ်များအတွက် ငဲ့ကွက်ခြင်းအားဖြင့် အသက်ချင်းလဲလိုလှသည့် ခံပြင်းစိတ်ကို ကြိတ်မှိတ် ချုပ်တည်းခဲ့ရသည်။ ထိုအချိန်မှစတင်၍ တံခါးနီဗိုလ်ဘဝက ခင်မင်ရင်းနှီးခဲ့သော လုပ်ဖော်ကိုင်ဖက် မင်းဆွေမျိုးဆက်များရှိရာ နှစ်လခန့် ရှာဖွေဆက်သွယ်၍ နယ်ချဲ့အင်္ဂလိပ်အား ပြန်လည်တော်လှန်ရန်လှုံ့ဆော်စည်းရုံးခဲ့သည်။ ထို့နောက် စလင်းသို့ ပြန်လာပြီး မင်းတပ် သူကြီးဗိုလ်ရွှဲ၏တပ်တွင်ပါဝင်၍ ပုန်ကန်တိုက်ခိုက်ခဲ့သည်။ ဗိုလ်ရာကျော်သည် သေနတ်လက်နက်ကို ကိုင်တွယ်ပစ်ခတ်ရန် အလွန်ရှုမုန်းသူဖြစ်သည်။ သတ္တိမဲ့သူ၊ သူရဲဘောကြောင်သူတို့သာလျှင် သေနတ်ကိုင်၍ အကွယ်အကာယူပြီး ချောင်းမြောင်း ပစ်ခတ်လေ့ရှိသည်ဟု မှတ်ယူထားသူဖြစ်လေသည်။ ဓားချည်းလက်ချင်းယှဉ်ရလျှင်ဘာကိုမှ မကြောက်ရွံ့သောသူဖြစ်သည်။ ထို့ကြောင့်လည်း အနီးကပ်ရင်ဆိုင်တိုက်ပွဲများတွင် ဗိုလ်ရာကျော်၏ အစွမ်းအစကို လွန်စွာအားကိုးရပြန်သည်။ ဗိုလ်ရာကျော်သည် သူ၏ပင်ကိုဗီဇအတိုင်း လူသိမခံ၊ အကျော်ကြားမခံ သာမန်တော်လှန်ရေးသမားဘဝနှင့်သာ မထင်မရှားနေခဲ့သည်။ တစ်ခါတစ်ရံတွင် မင်းကြီးဦးဥတ္တမနှင့် ပူးပေါင်းတိုက်ခိုက်ပြန်သည်။ ဗြိတိသျှတို့၏ မြေလှန်စနစ်ကြောင့် ပြည်သူတို့ထံမှ အဆက်အသွယ်နှင့် အကူအညီ

ဤရွှေတန်ဆာ ဘုရားမြို့ရိုးမြောက်ဘက် ယခင် မန်ကျည်းတောကြီးအတွင်းမှ မြန်မာတပ်များစွဲကာ နယ်ချဲ့အား တိုက်စစ်ဆင်ခဲ့ကြ၏။

ကင်းမဲ့သောအခါ၌ ဗိုလ်ဥတ္တမသည် ဧရာဝတီမြစ်ကို ဖြတ်ကူး၍ နတ်မောက် ဗိုလ်မင်းရောင်နှင့် ပူးပေါင်းရန် ကြံစည်ခဲ့ရသည်။ ဗိုလ်ရာကျော်မူကား နေရပ်ဖြစ်သော စေတုတ္တရာသို့ လူသူလက်နက်ရိက္ခာများ စုဆောင်းရန် လျှို့ဝှက်စွာ ပြန်လာခဲ့သည်။ ထင်ရှားကျော်ကြား၍ လူသိများလှသည့် ဦးဥတ္တမမှာ ဖမ်းမိသွားခဲ့သော်လည်း မထင်မရှားနေတတ်ပြီးလူသိအလွန်နည်းသည့် ဗိုလ်ရာကျော်မှာ အနှောင့်အယှက်မရှိဘဲ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဗိုလ်ရွှဲနှင့် ဗိုလ်ဥတ္တမတို့ မရှိသည့်နောက်ပိုင်းတွင် ဗိုလ်ရာကျော်သည် မြန်မာပြည် တစ်နံတစ်လျား၌ တော်လှန်နေကြသော အခြားတော်လှန်ရေး ရဲဘော်များနှင့် ပူးတွဲ၍ ဆက်လက်တိုက်ပွဲဝင်နွှဲခဲ့သည်။ မထင်မရှားသော ဘဝနှင့် လူသိမခံဘဲ အရေးတော်ပုံကြီး ချုပ်ငြိမ်းသွားသည့်တိုင် နောက်ထပ်ဆယ်နှစ်မျှ ဆက်လက် တော်လှန်ခဲ့ပြီးနောက် အသက် ၇၅ နှစ်အရွယ်ခန့်တွင် စေတုတ္တရာမြို့အနီးမှ ၎င်း၏လယ်တော၌ပင် ကွယ်လွန်ခဲ့ပါသည်။

ဗိုလ်ဥတ္တရမှာလည်း ဗိုလ်ဥတ္တမကဲ့သို့ပင် ရဟန်းလူထွက်ဖြစ်သည်။ လူအမည် ဦးအင်ကြင်းဖြစ်ပြီး ငယ်စဉ်အခါက ပွဲကျောင်းတွင် နေခဲ့ဖူး၍ အတိုက်အခိုက်၊ အသတ်အပုတ်၊ စစ်ချီစစ်တက်တွင် ကျွမ်းကျင်လိမ္မာတော်မူသည်။ လယ်ကိုင်းကျောင်းတော်ရာအနီးမှ ပြည်လုံးကျော်ရွာတွင် ဆရာတော်ဦးဥတ္တရနှင့် ဆရာတော်ဦးဥတ္တမတို့သည် တစ်ကျောင်းစီသီးခြားကျောင်းထိုင်နေခဲ့ကြသော်လည်း နယ်ချဲ့တို့၏ ရက်စက် ယုတ်မာမှုကို သည်းမခံနိုင်သည့် အဆုံး၌ လူဝတ်လဲ၍ တော်လှန်ရေးရဲဘော်ဘဝသို့ ပြောင်းလဲခဲ့ကြလေသည်။ ဦးဥတ္တမကို မင်းကြီးဟု အရိုအသေပြုလျက် ခေါ်ဆိုခဲ့ကြသလို ဦးဥတ္တရအား မင်းကလေးဟု သုံးနှုန်းခဲ့ကြသည်။ ဦးဥတ္တမ၏ နောက်ဒုတိယခေါင်းဆောင်အဖြစ် သတ်မှတ်၍တလေးတစား ဆက်ဆံခြင်းခံရသည်။ ဗိုလ်ဥတ္တရသည် စလင်းအနောက်ဘက် ကံဖျားရွာအနီးမှ တိုက်ပွဲတစ်ခုတွင် မင်းဘူးခရိုင် ကော်မရှင်နာဖြစ်သော မစ္စတာ ဂျေဒီလာတုချ်အား ခေါင်းဖြတ်သတ်နိုင်ခဲ့သလို၎င်းကိုယ်တိုင်လည်း ထိုတိုက်ပွဲတွင် လည်ပင်း၌ ကျည်သင့်သဖြင့် ကျဆုံးခဲ့လေသည်။

ဗိုလ်ရွှေပွင့်မှာ စလင်းမြို့တောင်ဘက် ဖောင်းလင်းရွာသူကြီးဟောင်းဖြစ်ပြီး မင်းကြီးဦးဥတ္တမ၏ အားအကိုးဆုံး ယုံကြည်စိတ်ချမှု အရှိဆုံးဖြစ်သည့် လက်ရင်းဗိုလ်ကြီးလေးဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ မုန်းချောင်းအနီးမှ ညောင်ပင်စောက်ရွာတိုက်ပွဲတွင် ဘင်္ဂလားခြေလျင်တပ်ရင်းမှ ကပ္ပတိန်အော်ချပ်အား ခေါင်းဖြတ်သတ်နိုင်ခဲ့သူဖြစ်သည်။ မင်းဘူးမြို့အနီး အောက်ကျောင်း ကြာကန်တိုက်ပွဲ၌ ကျဆုံးခဲ့ရရှာသည်။

ထူးခြားမှုအနေနှင့် ဗိုလ်နေမီး၊ ဗိုလ်ညိုမှဲ့၊ ဗိုလ်ဗျိုင်းတောင်တို့မှာ အမျိုးသမီးများ ဖြစ်သည်။ ရိက္ခာ ထောက်ပံ့ခြင်း၊ ဆက်သားအဖြစ်ဆောင်ရွက်ခြင်း၊ စီမံကွပ်ကဲခြင်း အစရှိသည့် နောက်တန်းတာဝန်များကိုသာ ဆောင်ရွက်၍ ဗိုလ်ဘွဲ့ခံယူခြင်းမဟုတ်ဘဲ ဓားလွတ်ကိုင်၍ မြင်းစီးလျက် သေနတ်ကိုင်နယ်ချဲ့စစ်တပ်အတွင်း အတင်းဝင်၍ ထိုးခုတ်ဝံ့သော အာဇာနည်များအဖြစ် သီးခြားမှတ်တမ်းတင်သင့်ပေသည်။ ဗိုလ်နေမီးမှာ ဖအိုင်းရွာသူ ချင်းတိုင်းရင်းသူကလေးဖြစ်လေသည်။ နယ်ချဲ့လက်ချက်နှင့် မိဘဆွေမျိုးသားချင်းများ ကွယ်လွန်ခဲ့ရပြီးနောက် စိတ်နာလွန်းသဖြင့် ချင်းတိုင်းရင်းသူ၊ တိုင်းရင်းသားများကို စုစည်းလျက် စေတုတ္တရာအနီး တောင်ကောက်ရွာမှ တော်လှန်ခဲ့သော အာဇာနည်တစ်ဦးဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်။)



စလင်းဇာတီလှ သုသာန်အတွင်း ယနေ့တိုင်တည်ရှိနေဆဲဖြစ်သော နယ်ချဲ့တို့၏သင်္ချိုင်းနေရာအမှတ်အသားများ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ပါဝင်ဆောင်ရွက်ကြမည့် ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသည့် မိတ်ဆွေများအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

လွန်ခဲ့သည့် နှစ်နှစ် ၂၀၀၂ ခုနှစ်တွင် မိမိအနေဖြင့် MICT Park နှင့် ပထမအကြိမ် Myanmar ICT ရက်သတ္တပတ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို ကြည်နူးစွာ ပြန်ပြောင်းသတိများအား စုစည်းပေးရန်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ MICT Park သည် ICT အခြေခံအဆောက်အအုံ ပိုမိုဖြစ်ထွန်းလာစေရန်၊ ပြည်တွင်းနှင့် တစ်ကမ္ဘာလုံးတွင် ICT လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ နိုင်ငံတော်တွင် ICT ပိုမိုဖြစ်ထွန်းစေရန်၊ ပြည်တွင်း ICT ကျွမ်းကျင်သူများ၏ အရည်အသွေးမြင့်မားလာစေရန်နှင့် ICT လုပ်ငန်းရှင်အသစ်များအား ကူညီပံ့ပိုးသွားရန်တို့ဖြစ်ကြောင်း။

Inmarsat D Plus Satellite Terminal Service Provision for Vessel Tracking နှင့် ပတ်သက်သည့်နားလည်မှု စာချွန်လွှာကို Bagan Cybertech Co, Ltd. Chief Executive Officer ဒေါက်တာရဲနိုင်ဝင်းနှင့် Prognotic Services Pte. Ltdမှ Chief Executive Officer Mr, Ronstan Liang တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အောင်မြင်မှုပေါ်လွင်

ရန်ကုန်မြို့ရှိ MICT Park ကို တိုးချဲ့နိုင်ရုံသာမက အဆင့်အတန်းပိုမိုမြင့်မားစေရန် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ယမန်နှစ်က မန္တလေးမြို့၌ MICT Park အသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ ဆောင်ရွက်ချက် အောင်မြင်မှုကို

ရမိကြောင်း၊ ဤနှစ်နှစ်တာကာလအတွင်းတွင် MICT Park သည် ထူးခြားစွာ တိုးတက်အောင်မြင်လာသည်ကို တွေ့ရှိရသည့်အတွက် အထူးပင် အားရကျေနပ်မိကြောင်း၊ MICT Park သည် မြန်မာနိုင်ငံ ICT Master Plan ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီးမြန်မာနိုင်ငံတွင် ICT လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့အဆင့်အတန်းမီ အခြေခံအဆောက်အအုံ၊ နည်းပညာတို့၏ ကူညီပံ့ပိုးမှုနှင့် ပြည်တွင်း၊ ပြည်ပရှိ လုပ်ငန်းရှင်ပေါ်လွင်စေကြောင်း၊ထို့ကြောင့်မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မီတီရေးရှင်းနှင့် ဤလုပ်ငန်းတွင် စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း။

လက်ရှိ Myanmar ICT ရက်သတ္တပတ်၏ ရည်မှန်းချက်များဖြစ်သည့် နည်းပညာလွှဲပြောင်းတပ်ဆင်ရေး၊ သတင်း အချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်ပြီး ပြည်သူများအကြား အသိပညာ ပိုမိုတိုးတက်လာစေရေးနှင့် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အောင်မြင်မှုများ ပြသရေးဆိုသည့် ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟုအပြည့်အဝယုံကြည်ပြီးဖြစ်ကြောင်း။

ယနေ့အခါသည် မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် အေးချမ်းတည်ငြိမ်ပြီး ချမ်းသာကြွယ်ဝသော ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် နိုင်ငံတော် ရှေ့လျှောက်လှမ်းမည့် လုပ်ငန်းစဉ်ခုနစ်ရပ် အကောင်အထည်ပေါ်ရေးကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးသည် ရေရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်ရေးလမ်းကြောင်းပေါ်၌ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း ထူးခြားသော အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးတို့တွင် ထူးခြားစွာ အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

နည်းပညာအဓိကကျ

ထို့သို့နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရာတွင် နည်းပညာသည် အဓိကကျသော အခန်းကပါဝင်သည်ဆိုသည်ကို ခံယူကြောင်း၊ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏ အခန်းကဏ္ဍ မည်မျှအရေးပါသည်ကို သိရှိပြီးဖြစ်ကြောင်း၊ ယနေ့အခါတွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသည် ပြည်သူလူထုအားလုံးအပေါ် အကျိုးသက်ရောက်လျက်ရှိပြီး လူသားများအတွက် ပြောင်းမြောက်သည့် အနာဂတ်ဖြစ်ထွန်းစေမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် နိုင်ငံခြားမိတ်ဆွေများ၏ပံ့ပိုးကူညီမှုများကြောင့် လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်းတွင်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် လျင်မြန်စွာတိုးတက်ခဲ့သည်ကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း၊ ဤကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ အနေဖြင့် ထောက်ခံအားပေးမှုများ ပြုလုပ်သွားမှာဖြစ်ကြောင်း။

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍတွင် ထင်ရှားသော သမိုင်းမှတ်တိုင်များလည်း ဖြစ်ထွန်းလျက်ရှိကြောင်း၊ Cyber Law ရေးဆွဲရေး လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် ဥပဒေမူကြမ်း ပေါ်ထွက်လာမည်ဟု ယုံကြည်ကြောင်း။

ကဏ္ဍငါးခုအောင်မြင်မှုရှိ

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် e-ASEAN သတင်းအချက်အလက် အခြေခံအဆောက်အအုံ အကောင်အထည်ဖော်ရေး၊ e-Commerce တိုးတက်မှုကို အားပေးရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှု လုပ်ငန်း ပိုမိုလွယ်ကူစေရေးအတွက် ဖြေလျှော့မှုများ ပြုလုပ်ရေး၊ လူသားစွမ်းရည်တိုးမြှင့်ကာ e-Society ပေါ်ပေါက်ရေးနှင့် e-Government ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အလေးထားဆောင်ရွက်ရမည့် ကဏ္ဍငါးခုကို အာရုံစိုက်ပြီး ဆောင်ရွက်နေရာ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း၊ ဥပမာသာဓကပြရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ယမန်နှစ်ကစပြီး e-Passport များစတင်အသုံးပြုနေပြီဖြစ်ပြီး မြန်မာနိုင်ငံသည် ၎င်းကဏ္ဍတွင် ကမ္ဘာ့ရှေ့တန်းမှာ ရောက်ရှိနေသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်သူများ လွယ်ကူစေရန်အတွက် ယနေ့မှစပြီး e-Visa ကို အင်တာနက်ပေါ်မှ ရယူနိုင်တော့မှာဖြစ်ကြောင်း၊ ထိုနည်းတူစွာ Smart Card များ အသုံးပြုမှုသည် ပိုမိုကျယ်ပြန့်လာပြီး မိမိတို့၏ Smart School များသည်လည်း နိုင်ငံတကာမှ လာရောက်သူများ၏ ချီးကျူးမှုများရရှိလျက်ရှိကြောင်း။

လက်မှတ်ရေးထိုး

International Roaming Services နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် TEL Sdn Bhd, Malaysia မှ Chairman Dr.Mohd Yusot Bin Ismail တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

MICT Park တွင် လူငယ်များအတွက် သင်တန်းအမျိုးမျိုး ဖွင့်လှစ်ပို့ချပေးနေသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း သွားရောက်ပညာ သင်ကြားနေကြသည့်အတွက် ကွန်ပျူတာနည်းပညာနှင့်ပတ်သက်ပြီး မိမိတို့ပညာရှင်များ၏ အရည်အသွေးများ တစ်နေ့တခြား တိုးတက်လာလျက်ရှိကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် တက်ကြွစွာဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်နှင့် ကွန်ပျူတာအသင်းအသီးသီးတို့ကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထို့အပြင် နိုင်ငံတစ်ဝန်း ကွန်ပျူတာတက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်ထားရှိသည့် အတွက်လည်း ကျွမ်းကျင်သည့်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အခြေခံပညာကဏ္ဍမှ စတင်ပြီး ကွန်ပျူတာပညာကိုအခြေခံသည့် ခေတ်မီသင်ကြားမှု သင်ယူမှုစနစ်များ စတင်ကျင့်သုံးဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် အခြေခံပညာ အထက်တန်းကျောင်းအားလုံးနီးပါး၊ အခြေခံပညာအလယ်တန်းကျောင်းအများစုနှင့် အခြေခံပညာမူလတန်းကျောင်း အချို့တွင် ခေတ်မီသင်ကြားမှုသင်ယူမှု စာသင်ခန်းများ တပ်ဆင်ပေးထားပြီ ဖြစ်ကြောင်း၊ အလားတူစွာ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်နှင့် ကောလိပ်များ၌ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကို အခြေခံထားသော Learning Centre များ၊ Resource Centre များ၊ e-Library များကို ဖွင့်လှစ်ထားနိုင်ပြီး ယခုဆိုလျှင် တက္ကသိုလ်နှင့် ကောလိပ် အသီးသီးအကြားတွင် ကွန်ပျူတာ ကွန်ရက်စနစ်တစ်ရပ်ကိုလည်း ထူထောင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် Bio Matric စနစ်သုံး၍ တတိယအကြိမ် မြောက် မြန်မာ့ သတင်းအချက် အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာရက်သတ္တပတ် – ၂၀၀၄ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေ တတိယ အကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ အခမ်းအနားတွင် ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ဆွေးနွေးပွဲများ

လက်ရှိ ICT ရက်သတ္တပတ် လှုပ်ရှားမှု အတွင်းတွင် ဆော့ဖ်ဝဲလုပ်ငန်း တိုးတက်ရေးခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်မည်ဟု သိရှိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း။ ၎င်းဆွေးနွေးပွဲများသည် များစွာ အကျိုးဖြစ်ထွန်းစေမှာဖြစ်ပြီး နိုင်ငံတွင်းတွင်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းအထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်

ယမန်နှစ် ၂၀၀၃ခုနှစ်အတွင်းက ပြည်သူများအကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ပိုမိုပြန့်ပွားစေရေးအတွက် သတင်းအချက်အလက်နှင့်နည်းပညာနယ်လှည့် မော်တော်ယာဉ်ကို မြို့အသီးသီးကို စေလွှတ်ပြီး ရှင်းလင်းပြသရာ များစွာအောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ဤအစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်သွားမှာဖြစ်ကြောင်း။

MICT Park နှင့်ပတ်သက်ပြီး ပြောရမည် ဆိုလျှင်လည်း ဒုတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် MICT Park ကို အသုံးပြုသူများအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် Cyber Tower နှင့် Cyber Mall တည်ဆောက်မှုများသည်လည်း အဆင်ပြေချောမွေ့စွာ တိုးတက်နေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နေရကြောင်း။

ဆုချီးမြှင့်ခဲ့

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် ASOCIO အာရှပစိဖိတ်ဒေသဆိုင်ရာ ကွန်ပျူတာလုပ်ငန်းအသင်းသည် မြန်မာနိုင်ငံကို ASOCIO ICT AWARD 2003 ဆုကို ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့သည် ရရှိနေသည့်အောင်မြင်မှုများဖြင့်ကျေနပ်မနေဘဲ လုပ်ဆောင်စရာရှိသည်များကို ဆက်လက်ပြီး အားကြိုးမာန်တက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ထို့ကြောင့် ကွန်ပျူတာပညာရှင်များ၊ ဝါသနာရှင်များနှင့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်ပြီး အင်အားကောင်းမွန်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ဤနေရာတွင် နိုင်ငံတကာမိတ်ဆွေများ၏ တန်ဖိုးရှိလှသော ပူးပေါင်းကူညီပံ့ပိုးမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ယနေ့အခါတွင် မြန်မာနိုင်ငံသည် ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဤပူးပေါင်းဆောင်ရွက်မှုသည် ရှေ့တွင် ပိုမိုတိုးတက် ဖြစ်ထွန်းလာလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ များမကြာမီက ကျင်းပပြုလုပ်ခဲ့သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ပုဂံထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးတို့တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၌ စွမ်းအားတိုးမြှင့်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်ကိုလည်း ဝမ်းမြောက်စွာ တွေ့မြင်ရကြောင်း။

ကြိုးပမ်းလုပ်ဆောင်

နိဂုံးချုပ်အနေဖြင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်း၊ Bagan Cybertech MICT Park နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အားလုံးကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ထပ်လောင်း ပြောကြားလိုကြောင်း၊ ယခု တတိယအကြိမ် Myanmar ICT ရက်သတ္တပတ်တွင် အဘက်ဘက်မှာ အောင်မြင်မှု ရရှိပါစေဟု ဆန္ဒပြုပါကြောင်းဖြင့်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သိန်းဆွေက ဆောင်ရွက်ပြီးဖြစ်သည့် IT Project များ၏ အခြေအနေများကို လည်းကောင်း၊ တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်တွင် စတင်အသုံးပြုမည့် Project များဖြစ်သည့် Certification Authority (CA), e-Visa၊ Budget PC၊ e-Procurement များနှင့် ပတ်သက်၍လည်းကောင်း၊ မကြာမီ ဆက်လက်ဆောင်ရွက်မည့် Seafarer's Smart ID, Trade EDI တို့နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Inmarsat D Plus Satellite Terminal Service Provision for Vessel Tracking နှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို Bagan Cybertech Co.Ltd Chief Executive Officer ဒေါက်တာ ရဲနိုင်ဝင်း နှင့် Prognotic Services Pte.Ltd မှ Chief Executive Officer Mr. Ronstan Liang တို့က လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် Cooperation in International Roaming Services နှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Shin Satellite Public Co.,Ltd , Thailand မှ President Dr. Nongluck Phinainitisart တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် International Roaming Services နှင့်ပတ်သက်သည့် နားလည်မှု စာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် iP TEL Sdn Bhd, Malaysia မှ Chairman Dr.Mohd Yusof Bin Ismail တို့က လက်မှတ်ရေးထိုးကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တီထွင်ထုတ်လုပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်ပြပွဲ၌ ပြသထားသော မြန်မာ့ IT ကုမ္ပဏီများ၊ နိုင်ငံတကာ IT Co များ၏ ပြခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ပထမဦးစွာ မြန်မာ့ကွန်ပျူတာ ကုမ္ပဏီလီမိတက် (MCC) မှ တီထွင်ထုတ်လုပ်ထားသော e- Government GMIS Software ရှင်းလင်းပြသမှုကို ကြည့်ရှုကြသည်။

စတင်အသုံးပြု

မြန်မာနိုင်ငံ e-Government လုပ်ငန်းများအကောင်အထည်ဖော်သည့် လုပ်ငန်း အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရ ဝန်ကြီးချုပ်ရုံးနှင့် ဝန်ကြီးဌာနများအကြား သတင်းပေးပို့မှု၊ အစီရင်ခံမှုအတွက် မြန်မာ့ကွန်ပျူတာ ကုမ္ပဏီ လီမိတက် (MCC)မှတီထွင်ထုတ်လုပ်ထားသော e-Government Portal ကို ဝန်ကြီးချုပ်ရုံး၌ ယနေ့ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် စတင်အသုံးပြုတော့မည် ဖြစ်သည်။

ခင်းကျင်းပြသထား

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်းနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၌ ခင်းကျင်းပြသထားသော Computer များ၊ Software နှင့် Hardware များ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ အင်တာနက်ဝန်ဆောင်မှုများ၊ အင်တာနက်တွင် ကုန်ပစ္စည်းများ ကြော်ငြာခြင်းဝန်ဆောင်မှုများ၊ သင်ကြားရေး အထောက်အကူပြု စီဒီရွှန်များ၊ ရုံးလုပ်ငန်းသုံး၊ စီးပွားရေးလုပ်ငန်းသုံး Software များ၊ ဒီဂျစ်တယ်နှင့် ဆက်စပ် အသုံးပြုနိုင်သော ကင်မရာများ၊ ပရင်တာများ၊ ကော်ပီယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြသည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်ပြပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း စိတ်ပါဝင်စားသူ အများပြည်သူတို့အား အခမဲ့ဖွင့်လှစ်ပြသမည်ဟု သိရသည်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

Cooperation in International Roaming Services **နှင့်ပတ်သက်သည့် နားလည်မှု စာချွန်လွှာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့်** Shin Satellite Public Co,Ltd Thailand President Dr. Nongluck Phinainitisart **တို့က လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

MICT Park ပွဲတော်ရက်အတွင်း လွန်းပြန်ယာဉ်များ အခမဲ့ပြေးဆွဲပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ MICT Park တွင် ယနေ့မှ ဇန်နဝါရီ ၂၇ရက်အထိ Third Myanmar ICT Week အဖြစ် ကျင်းပသည့် ပွဲတော်ရက်အတွင်း အများပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံ၌လည်းကောင်း၊ ပြည်လမ်းနှင့်ပါရမီလမ်းဆုံ၌လည်းကောင်း လွန်းပြန်ယာဉ်များဖြင့် အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊တောင်တန်း သာသနာ့ပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ မြန်မာစာမြန်မာစကား
- ၅:၄၅ ၈။ **“အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ” (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းစျာန်သစ်၊ယင်းမာ) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
- ၅:၅၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၀ ၁၀။ **(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ပန်းချီပန်းပု ပြိုင်ပွဲပြပွဲအကြောင်း သီကောင်းစရာများ**
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success in Soccer.
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မိုးမြေဆုံးစေတော့ကွယ်” (အပိုင်း–၇)**
- ၇:၄၅ ၁၅။ နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး (ကရင်ပြည်နယ်)(အပိုင်း–၂)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ(အပိုင်း–၁)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ဇန်နဝါရီ၂၁ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘယ်လ်ဂျီယံနိုင်ငံ Support Fund Myanmar ဥက္ကဋ္ဌ Mr. Yve Callebaut အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းကျောဖုံး)(သတင်းစဉ်)

★ (၅၉)နှစ်မြောက်မှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား အလေးပြုကြပြီး နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် (ဂ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုဆုရရှိကြသည့် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) ခေါင်းဆောင်၊ ဒုတိယဆုရ အမှတ်(၂) စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) ခေါင်းဆောင်တို့အားလည်းကောင်း၊ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုဆုရရှိကြသည့် တတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်တို့အားလည်းကောင်း၊ (က)အဆင့် စစ်တီးဝိုင်း ခေါင်းဆောင်ကျွမ်းကျင်မှု အကောင်းဆုံးဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်အားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်တီးဝိုင်းပြိုင်ပွဲ အသင်းလိုက် ဆုများကို ချီးမြှင့်ရာ (ဂ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အသင်းလိုက် တတိယဆုရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)၊ ဒုတိယဆုရ အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် ပထမဆုရ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (ခ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အသင်းလိုက် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အသင်းလိုက် အကောင်းဆုံးဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းတို့မှ စစ်တီးဝိုင်းခေါင်းဆောင်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက (ဂ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အထူးဆုများရရှိကြသည့် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်(၂) စစ်အခြေခံ လေ့ကျင့်ရေးတပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တပ်ခွဲ(၁)နှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အားလည်းကောင်း၊ (ခ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အထူးဆုများရရှိကြသည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အား လည်းကောင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အထူးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်း အသင်းအားလည်းကောင်း ဆုများချီးမြှင့်သည်။

ဖျော်ဖြေ

ယင်းနောက် စစ်တီးဝိုင်းများက အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ တီးမှုတ် ဖျော်ဖြေကြရာ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့၊ (ဂ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် ပထမဆုရ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ (ခ)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းနှင့် တပ်မတော် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ စစ်တီးဝိုင်းအဖွဲ့တို့က အလှသရုပ်ပြ တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်၊ ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြ ဖျော်ဖြေကြသည့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာ အဖွဲ့များနှင့် စစ်တီးဝိုင်းကျွမ်းကျင်ပညာရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပထမနေ့တွင် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ကျင်းပရာ Capability Maturity Model Imtegration (CMMI) **နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် အခန်းအမှတ် ၂၀၅ ၌ ကျင်းပရာ** Mr. Sutee Satanasathaporn (Software Park Thailand) **က ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့ ကွန်ပျူတာကုမ္ပဏီများမှ** Software **အင်ဂျင်နီယာများ တက်ရောက်ကြသည်။**

ထို့အတူ Professional အဆင့် အောင်လက်မှတ်များ၊ သင်တန်းဆင်း လက်မှတ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် Conference Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက JITEC Exam နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် JITEC Exam အောင်မြင်သူများအား တာဝန်ရှိသူများက အောင်လက်မှတ်များ ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူများက MCSA Certification Exam နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် MCSA စာမေးပွဲကိစ္စများတွင် စေတနာအလျောက် တက်ကြွစွာ ပါဝင်ကူညီပေးကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။

ထို့နောက် MCSA Certification Exam အောင်လက်မှတ်များနှင့် Multimedia System Development Course (On-Site Training) သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ဖျာပုံမြို့ မဟာပုညာရာမတိုက် ရွာမကျောင်း၌ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ကျင်းပမည် ဖြစ်သည်။ တရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးစန္ဒာသိရိက ဟောကြားမည်ဖြစ်သည်။ (က–ပ)

ရွှေ့ပြောင်းလုပ်ခရာ ဒါတွေပါ

* **အေးချမ်းသာယာ၊ မရှိပါဘဲ**
ဘယ်မှာဝမ်းစာ၊ ဘယ်လိုရှာ၍
နေရာထိုင်ခင်း၊ ဝတ်စားခြင်းတွက်
တွက်ချက်စီမံ
ပြုလုပ်ရန်မှာ၊ မလွယ်ပါ။

* **တည်ငြိမ်အေးချမ်း၊ ဝမ်းစာဖူလုံ**
မပြည့်စုံဘဲ၊ ဝေခွဲမှားမှန်
ဝေဖန်ကောင်းဆိုး၊ ကြောင်းကျိုးဆက်စပ်
သုံးသပ်ဆင်ခြင်၊ သိမြင်ပညာ
ဖွေရှာနိုင်မှု၊ စဉ်ရှေးရှု၍
ပြုလုပ်နိုင်မှာ၊ မဟုတ်ပါ။

* **အေးချမ်းတည်ငြိမ်၊ အိမ်မှာဖူလုံ**
ကုံလုံပညာ၊ ရှိစေရာရေး
ဦးစွာတွေးကာ၊ ဆောင်ရွက်ပါမှ
ကျနခေတ်မီ၊ အရှည်ဖွံ့ဖြိုး
အလှတိုးရန်၊ ရည်သန်အားထုတ်
ပြုလုပ်နိုင်မှာ၊ အမှန်ပါ။

* **အေးချမ်းခေတ်မီ၊ အရှည်ဖွံ့ဖြိုး**
တိုးတက်ခိုင်ကျည်၊ ဒီမိုကရေစီနိုင်ငံ
ထူထောင်ရန်အတွက်၊ သုံးတန်ကိစ္စ
စုံပြည့်ဝရေး၊ ဦးစားပေး၍
ရှေ့ပြေးအုတ်မြစ်၊ မရှိမဖြစ်ကို
ကျစ်လျစ်ခိုင်မာ၊ ဖြစ်တည်လာအောင်
ဦးစွာတို့များ၊ ကြိုးပမ်းစို့။ ။

ရွှန်းမြအောင်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၁–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာ့သံစဉ်ချိုနှားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က) ပထမနှစ် (ဝါဏိဇ္ဇဗေဒ) (ခ) ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဖန်ခြေနင်းနဲ့ယမင်းရွှေစင်" (အပိုင်း–၄၀) (ဇာတ်သိမ်းပိုင်း)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၄)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

လောကနီတိကဗျာများ မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၁

လောကနီတိဟူသည် လောကလူသားတို့ သိမှတ်လိုက်နာကျင့်သုံးအပ်သည့် လူမှုကျင့်ဝတ်နှင့် လူမှုစည်းကမ်းများဆိုင်ရာ ထုတ်ဖော်လမ်းညွှန်ထားချက်များ ဖြစ်သည်နှင့်အညီ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်မရွေး လွယ်ကူစွာ ဖတ်ရှုနိုင်ရန်အတွက် လောကနီတိကဗျာ (၁၂၈)ပုဒ်ကို အမျိုးသား စာပေဆုလေးဆုရ ကဗျာဆရာ မြင်းမူမောင်နိုင်မိုးက ရေးဖွဲ့ သီကုံးထားပြီး ဆရာ "အမေ့သား"က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။ မူကြို၊ မူလတန်းကလေးငယ်များ နားလည်လွယ်အောင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံပေါက်၊ လင်္ကာ အစရှိသည့် မြန်မာကဗျာစပ်နည်းများဖြင့် စာမျက်နှာ ၂၀၀ ကျော် ရောင်းဈေးငွေကျပ် ၇၀၀ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း–၃၇၄၅၃၂၊ ၇၂၅၅၃၀ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပထမနေ့တွင် စည်ကား၊ ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ အစီအစဉ်ကို ယနေ့ ပထမနေ့အဖြစ် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ကျင်းပရာ IT ပညာရပ်ကို စိတ်ပါဝင်စားကြသော စီးပွားရေး လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြခန်းတွင် ထပ်ဆောင်းဝန်ဆောင်မှုလုပ်ငန်းများ (Value Added Services)ဖြစ်သည့် CLI၊ Call Forwarding၊ Call Waiting နှင့် 3-Way Calling များကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပြီး ပြပွဲလာ ပြည်သူများအား E-Mail ၊ Fax ၊ Internet ပြကွက် (ISDN Internet Access) နှင့် တယ်လီဖုန်းတို့ကို အခမဲ့စမ်းသပ်ခွင့်ပြုထားသည်။

ထို့ပြင် ပြည်တွင်းတွင် ထုတ်လုပ်သည့် အော်တိုအိတ်ချိန်း၊ ကဒ်ဖုန်း၊ ဗီဒီယိုဖုန်း၊ မိုဘိုင်ဖုန်း၊ Single, 3 G Phoneစနစ်၊ ကျေးလက်သုံးကြိုးမဲ့ဖုန်း၊ ကွန်ပျူတာဖြင့် PCO ဖုန်းအတွက် ငွေတောင်းခံလွှာ ချက်ချင်းထုတ်ယူနိုင်သည့်စနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် အသံနှင့် ရုပ်ကြည်လင်ပြတ်သားသော နိုင်ငံတကာ ရုပ်ရှင်ကားများကို ကြိုက်နှစ်သက်သည့်နေရာနှင့် ကြိုက်နှစ်သက်သည့်အချိန်တွင် ကြိုက်နှစ်သက်ရာ ရုပ်ရှင်ကားများကို ကြည့်ရှုနိုင်သည့် iP Star (i-Theater) ကို ပြသထားသည်။

Bagan Cybertech ပြခန်းတွင် တယ်လီဖုန်းအိတ်ချိန်းရှိသော ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် တယ်လီဖုန်းကို အသုံးပြုပြီး အင်တာနက်၊ အီးမေးလ်နှင့်တယ်လီဖုန်းတို့ကို လျင်မြန်သော နှုန်းဖြင့် ချိတ်ဆက်အသုံးပြုနိုင်သည့် ADSL ဆက်သွယ်ရေးစနစ်၊ မည်သည့်နေရာတွင်မဆို တပ်ဆင်၍ရသော iP Star ဝန်ဆောင်မှု၊ ယင်း iP Star မှ တစ်ဆင့် i Learn ခေါ် International Learning နှင့် Broadband မြန်နှုန်းမြင့် ဝန်ဆောင်မှုမှတစ်ဆင့် i Theater ခေါ်Internet ပေါ်မှ ရုပ်ရှင်ကားကို ကြည့်ရှုနိုင်မှုတို့ကို ပြသထားသည်။

Bagan Cybertech မှ တတိယအကြိမ် မြန်မာ ICTရက်သတ္တပတ်တွင် Dial-Up Internet Connection A/C ဝယ်ယူသူများကို နှစ်စဉ်ကြေးကျပ် ၆၀၀၀၀ ကောက်ခံသည့် အစား ကျပ် ၄၉၀၀၀ဖြင့် ရောင်းချပေးပြီး Bagan Cybertech၏ Presetation အမေးအဖြေကဏ္ဍတွင် ဝင်ရောက်ဖြေဆိုသူများအား အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးလျက်ရှိသည်။

Advanced Technologies & Solutions Co., Ltd ပြခန်းတွင် အခြေခံမှစ၍လေ့လာလိုသူများအတွက် Internet Primer သင်တန်း၊ ယနေ့ကမ္ဘာတွင် ခေတ်အစားဆုံးဖြစ်သည့် Certified Web Masterသင်တန်း၊ အင်တာနက်နှင့် ဆက်သွယ်ထားသည့် အဆင့်သုံးဆင့် ခွဲခြားထားသော Certified Java Masterသင်တန်းတို့ကို သင်တန်း တက်ရောက်လိုသူများ လွတ်လပ်တကူဆက်သွယ်တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

SSi Computer Centre တွင် အင်တာနက်နှင့် တိုက်ရိုက်ချိတ်ဆက်လိုသူများနှင့် Network Engineer ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် Network Administrator သင်တန်း၊ အင်တာနက်ကို အခြေခံသည့် ကွန်ပျူတာ ပရိုဂရမ်ရေးဆွဲနည်းများနှင့် ကိုယ်ပိုင် Website ဖန်တီးလိုသူများအတွက် Java @ SSi/E_2 Com သင်တန်း၊ Microsoft or Net Framework တွင် Applicationတည်ဆောက်လိုသူများအတွက် Dotnextနှင့် C #သင်တန်းများ၊ လုပ်ငန်းခွင်သုံးသင်တန်းများ ဖြစ်သောMS Office 2000၊ ကွန်ပျူတာနယ်ပယ်သို့ အသစ်ဝင်ရောက်လာသူများအတွက် Smart Star၊ Database Applicationဖန်တီးလိုသူများအတွက် Oracle & VBသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

KMD Sales and Service Centreတွင် ကွန်ပျူတာကို လူအများ အသုံးပြုနိုင်ရန် ချိုသာသောဈေးနှုန်း၊ တစ်နှစ်လက်ခမဲ့ ပြုပြင်ပေးခြင်းစသော ဝန်ဆောင်မှုများဖြင့် ရောင်းချပေးမည်ဖြစ်ပြီး မိမိအလိုရှိသော Software အမျိုးအစားအလိုက် အထူးဈေးနှုန်းဖြင့် စက်နှင့်အတူ တွဲဖက်ရောင်းချပေးမည်ဟု သိရသည်။

DCD Company Limited မှလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Maintenace and Rental Service (MRS)မှလည်း ကွန်ပျူတာပြုပြင်ခြင်း၊ ငှားရမ်းပေးခြင်း၊ Network ချိတ်ဆက်ပေးခြင်းအစရှိသည့် ဝန်ဆောင်မှု လုပ်ငန်းများအပြင် ကွန်ပျူတာများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးလျက်ရှိသည်။

မြန်မာ့သတင်း အချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း (MICTDC) က MICT Park တွင် ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် မြန်မာ ICT ရက်သတ္တပတ်ကာလအတွင်း ဇန်နဝါရီ ၂၂ရက်မှစ၍ စတင်ယှဉ်ပြိုင်မည့် Myanmar National Counter- Strike Championship 2004 သည် ရန်ကုန်မြို့မှ Network Game Centre များ ဖြစ်သော Net Zone၊ i-net၊ Red Apple၊ MSM၊ The Goons ၊ Cyber City ၊ Ice-Knight ၊ X- Gamer Z ၊ Lan Wizard ၊ Sky Star ၊ Plant Internet Cafeတို့နှင့် Black Rock Clan တို့မှ ပါဝင်ကူညီကျင်းပမည်ဖြစ်သည်။

Professional အဆင့်အနေဖြင့် ပထမဆုငွေကျပ် ဆယ်သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယ ဆုငွေကျပ် သုံးသိန်းချီးမြှင့်မည်ဖြစ်ပြီး Amature အဆင့်အနေဖြင့် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် Bagan Cyberteeh မှ ဆုရရှိသော အသင်းများအား ငွေကျပ် ၂၅၂၀၀၀၀ တန်ဖိုးရှိ Internet Individual Dail-up Account များကို အပိုဆုအနေဖြင့် ထပ်လောင်းချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကစားပုံများကို အင်တာနက်ပေါ်မှ တိုက်ရိုက်ကြည့်ရှုနိုင်ရန် HLTV ဖြင့် ထုတ်လွှင့်မည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို www. cs myanmar com တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပြိုင်ပွဲတွင် အသင်းပေါင်း ၁၀၀ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နောက်ဆုံးပြိုင်ပွဲကို Conference Hall တွင် ဇန်နဝါရီ၂၆ရက် မွန်းလွဲ ၁နာရီမှ စ၍ စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ဖွင့်ပွဲ အထိမ်းအမှတ် ညစာစားပွဲကို ယနေ့ည၇နာရီတွင် MICT Park ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ကျင်းပရာ MICT Week 2004 ကျင်းပရေးဦးစီးကော်မတီဝင်များ၊ အီလက်ထရွန်းနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ MICTDC ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများ၌ ပြည်သူများ စည်ကားစွာလေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ ICTရက်သတ္တပတ် ၂၀၀၄ (ဇန်နဝါရီ ၂၁-ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်

- ၀၉:၀၀ နာရီ Role of Women in ICT Industry (Workshop)
- ၀၉:၀၀ နာရီ PKI application(CA)
- ၁၃:၀၀ နာရီ Myanmar Language Implementation (Workshop)
- ၁၃:၀၀ နာရီ Hardware Trend for software developers (Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်

- ၀၉:၀၀ နာရီ Database Trend Technology (Workshop)
- ၁၃:၀၀ နာရီ Object Oriented Software Development With Unified Modeling Language(Workshop)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်

- ၀၉:၀၀ နာရီ Software Products for SME (Presentation & Promotion)
- ၁၃:၀၀ နာရီ Software Products for SME (Presentation & Promotion)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်

- ၀၉:၀၀ နာရီ Security issues and related products(Seminar)
- ၁၃:၀၀ နာရီ e-Procurement(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်

- ၀၉:၀၀ နာရီ Wireless and broadband application(Seminar)
- ၁၃:၀၀ နာရီ Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့ အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

မောင်စူးစမ်း၊ မင်းရွှေမောင်၊ ကျော်ဦးတို့၏ နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ အောင်သင်း၊ ရွှေခိုင်ကျော် (မြောက်ဦး)၊ မောင်ဈေးကွက်တို့၏ သုတရသစုံ ဆောင်းပါးများ၊ နယ်သတင်း၊ ကာတွန်းလက်ရာ စုံလင်စွာပါရှိ၍ အမှတ် ၁၃၁၊ ၂၈လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၀၁-၇၀၇၁၈၃က ဖြန့်ချိသည့် ဈေးကွက်ဂျာနယ် အမှတ်(၃၅၄) မျက်နှာဖုံး။

(က-ပ)

ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အာစင်နယ်အလားအလာကောင်း

ရန်ကုန် ဇန်နဝါရီ ၂၁

ပရီမီယာလိဂ်ပြိုင်ပွဲသည် ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားနေပြီဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်သုံးပွဲကစားပြီးနောက်တွင် ပရီမီယာလိဂ်၏ ဇယားထိပ်မှာ အပြောင်းအလဲဖြစ်လာခဲ့သည်။ ပွဲစဉ်(၁၇)မှစတင်ပြီး ဇယားထိပ်တွင်ရပ်တည်ခဲ့သော မန်ချက်စတာယူနိုက်တက်သည် အောက်ဆုံးအဆင့်မှ ဝုလ်ဖ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးလိုက်သောကြောင့် ဒုတိယနေရာသို့ ရောက်သွားသည်။ ပရီမီယာလိဂ်ပြိုင်ပွဲ၏ ရှေ့ပိုင်းလောက်က ဇယားထိပ်တွင်ရပ်တည်ခဲ့သော အာစင်နယ်သည် ထိပ်သို့ပြန်တက်လာနိုင်ခဲ့သည်။ ချယ်လ်ဆီးသည် ပွဲစဉ်(၁၄)၊ (၁၅)တို့တွင် ပြိုင်ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း ယခုတိုင်တတိယနေရာမှသာ လိုက်နေရသည်။

လက်ရှိအနေအထားတွင် စတုတ္ထလိုက်နေသော ချာလ်တန်အသင်းသည် ပွဲစဉ်(၁၉)ကတည်းက ၎င်းနေရာကို ခိုင်မာစွာ ဆုပ်ကိုင်ထားနိုင်ဆဲဖြစ်သည်။ ချာလ်တန်သည် စောစောပိုင်းကာလများက အဆင့်(၉)လောက်မှသာ လိုက်ထားနိုင်သည်။ ပွဲစဉ်(၁၂)ခန့်တွင်စတုတ္ထနေရာသို့တက်လာသည်။ သို့သော် တစ်ပွဲချင်းအောက်သို့ တစ်ထစ်ချင်းဆင်းခဲ့ရာ အဆင့်(၇)သို့ပင်ရောက်သွားသည်။ ပွဲစဉ်(၁၈)တွင် အဆင့်(၅)သို့ ပြန်တက်လာပြီး ပွဲစဉ်တစ်ဝက်ကျိုးချိန်၌ အဆင့်(၄)သို့ ရောက်လာသည်။

ရှေ့ပိုင်းကာလတွင် ဖူလ်ဟမ်သည် ချယ်လ်ဆီးနောက်မှ ကပ်လိုက်နိုင်ခဲ့သည်။ သို့သော်ဖူလ်ဟမ်၏ ခြေစွမ်းရည်သည် တဖြည်းဖြည်း ယိုင်လာသောကြောင့် ဘာမင်ဂမ်အောက်သို့ ရောက်ခဲ့သည်။ ဖူလ်ဟမ်သည် ပွဲစဉ်(၁၆)တွင် လိဒ်စ်ကို ရှုံးလိုက်ကတည်းကစိုက်ဆင်းသွားသည်။ယခုဆိုလျှင်အဆင့်(၇)သို့ရောက်သွားသည်။

လီဗာပူးသည် ပွဲစဉ်(၁၃)အထိ အဆင့်(၉)လောက်မှသာ လိုက်နိုင်ခဲ့သည်။ လီဗာပူးသည် တဖြည်းဖြည်း နိုင်ပွဲများရသောကြောင့် တစ်ဆင့်ချင်းတက်လာခဲ့သည်။ ပွဲစဉ်တစ်ဝက်ကျိုးချိန်၌ လီဗာပူးသည် အဆင့်(၆)သို့ ရောက်လာခဲ့သည်။ ယခုအချိန်အထိ လီဗာပူးသည် ဥရောပချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးအဆင့်ထဲတွင် ရောက်ရှိနေသည်။

ပွဲစဉ်(၂၂)ကစားပြီးသည်အထိ အာစင်နယ်က ၅၂မှတ်ဖြင့် ပထမ၊ မန်ယူက ၅၀မှတ်ဖြင့် ဒုတိယ၊ ချယ်လ်ဆီးက ၄၆မှတ်ဖြင့်တတိယရနေကြသည်။ ချာလ်တန်အဆင့်(၄)၊နယူးကာဆယ်အဆင့်(၅)၊လီဗာပူးအဆင့်(၆)တို့ဖြစ်ကြသည်။ ဖူလ်ဟမ်၊ ဆောက်သမ်တန်၊ ဘာမင်ဂမ်၊ ဘော်လ်တန်တို့က အစဉ်လိုက်ရှိနေကြသည်။ တန်းဆင်းဇုန်ထဲတွင် လက်စတာ၊ ဝုလ်ဗာဟမ်တန်၊လိဒ်စ်တို့ရှိနေသည်။ လိဒ်စ်သည် ပွဲစဉ်(၂၂)တွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။

ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်နိုင်သော အသင်းသုံးသင်းသာရှိသည်။ ၎င်းတို့မှာ အာစင်နယ်၊ မန်ယူ၊ ချယ်လ်ဆီးတို့ဖြစ်သည်။ အခြားသောအသင်းများဖြစ်သည့် ချာလ်တန်၊ နယူးကာဆယ်၊ လီဗာပူး၊ ဖူလ်ဟမ် တို့သည် ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်မည့် အလားအလာ အလွန်ပင် မှေးမှိန်လျက်ရှိနေသည်။ စတုတ္ထလိုက်နေသော ချာလ်တန်သည် တတိယရနေသော ချယ်လ်ဆီးနှင့်ကိုးမှတ်ကွာနေသည်။ ရှုံးပွဲနိုင်ပွဲနှင့် နှိုင်းယှဉ်ကြည့်လျှင် ချယ်လ်ဆီးက သုံးပွဲရှုံးရမည်ဖြစ်ပြီး ချာလ်တန်က သုံးပွဲနိုင်ရမည်ဖြစ်သည်။

ချယ်လ်ဆီးသည် ပွဲစဉ်(၁)မှ ပွဲစဉ်(၂၂)အထိ လေးပွဲရှုံးခဲ့သည်။ ချာလ်တန်က ငါးပွဲ ရှုံးခဲ့သည်။ နှစ်သင်းစလုံးသည် နောက်ထပ် ၁၆ပွဲကစားရန်ကျန်သေးသည်။ အကယ်၍ ချယ်လ်ဆီးသည် ပွဲစဉ် သုံးပွဲလောက် ရှုံးခဲ့မည်ဆိုလျှင် ပရီမီယာလိဂ်ချန်ပီယံရရှိရေးမျှော်လင့်ချက်သည် ပျက်သွားပေလိမ့်မည်။ ယခုလောလောဆယ်တွင် ချယ်လ်ဆီးသည် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးကို အပြည့်အဝ မျှော်လင့်နိုင်သော အနေအထားတွင်ရှိသည်။ ပထမရရှိနေသော အာစင်နယ်နှင့် ခြောက်မှတ်၊ ဒုတိယလိုက်နေသော မန်ယူနှင့်လေးမှတ်သာကွာသေးသည်။ အာစင်နယ်မှာ ယခုတိုင် ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားနိုင်ဆဲဖြစ်သည်။ မန်ယူနှင့် ချယ်လ်ဆီးတို့သည် ပထမအကျော့တွင် သုံးပွဲစီရှုံးသည်။ ဒုတိယအကျော့ ပြန်စသော ပွဲစဉ်သုံးပွဲတွင် တစ်ပွဲစီရှုံးထားကြသည်။ ကျန် ၁၆ပွဲတွင် အသင်းနှစ်သင်းစလုံးသည် ရှုံးပွဲများ ရှိနိုင်ပေသည်။

မန်ယူသည် ပထမအကျော့၌ ဆောက်သမ်၊ ဖူလ်ဟမ်၊ ချယ်လ်ဆီးတို့ကို ရှုံးသည်။ ချယ်လ်ဆီးသည် ပထမအကျော့တွင် အာစင်နယ်၊ ဘော်လ်တန်၊ ချယ်လ်တန်တို့ကို ရှုံးသည်။ သို့သော် ဒုတိယအကျော့တွင် နှစ်သင်းစလုံးသည် နိုင်ခဲ့သောအသင်းများကို ရှုံးခဲ့သည်။ ထို့ကြောင့် မန်ယူနှင့် ချယ်လ်ဆီးသည် နိုင်ခဲ့သော အသင်းများကို ရှုံးပြီး ရှုံးသောအသင်းများကို ပြန်နိုင်မည့်အလားအလာရှိသည်။ စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ် (၂၂) ကစားပြီးချိန်အထိ ချန်ပီယံဖြစ်နိုင်သော အလားအလာအရှိဆုံးအသင်းမှာ အာစင်နယ်ဖြစ်သည်။ မန်ယူနှင့် ချယ်လ်ဆီးတို့သည် ချန်ပီယံဖြစ်နိုင်သော အလားအလာရှိကြသော်လည်း အာစင်နယ်လောက်အခြေအနေမကောင်းကြချေ။ မန်ယူမှာ တွေ့သမျှအသင်းများကို နိုင်အောင်ကစားရမည်ဖြစ်သည်။ အာစင်နယ်နှင့် ချယ်လ်ဆီးတို့တွင် အကျိုးတူစီးပွားဘက်အသင်းများ ရှိလေသည်။ သို့ဖြစ်၍ အာစင်နယ်၊ ချယ်လ်ဆီးတို့၏ စီးပွားဖက်အသင်းများက မန်ယူကို အနိုင်ကန်ပြီး သူတို့၏ စီးပွားဖက်အသင်းများအား ဖေးမထောက်ကူကြလိမ့်မည်ဖြစ်သည်။ အကယ်၍ မန်ယူသည် ချယ်လ်ဆီး၊အာစင်နယ်တို့ကို လည်းကောင်း၊ ၎င်းတို့၏ အကျိုးတူစီးပွားဘက်များကိုလည်းကောင်း နိုင်ခဲ့မည်ဆိုလျှင် မန်ယူအနေဖြင့် ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

အားကစားသတင်းထောက်

(၅၉)နှစ်မြောက် တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု ကလေးပန်းချီပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံရိုးရာပညာရှင်များ အစည်းအရုံး အလုပ်အမှုဆောင် (၁/၂၀၀၄) အစည်းအဝေးကို ဇန်နဝါရီ ၂၀တွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ ဒုတိယ ဥက္ကဋ္ဌ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၃ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ် တင်ပြပြီး ၂၀၀၄ ခုနှစ် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်တိုင်း ကလေးပန်းချီ ပြိုင်ပွဲကြီးကို ၂၀၀၄ ခုနှစ် မတ်လအတွင်းကျင်းပမည်ဖြစ်ရာ အဆိုပါ ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် အခြေခံပညာ ဦးစီးဌာန အမှတ်(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနု၊ တုန်းတာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်တို့ ပါဝင်သော ပြိုင်ပွဲ ဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းသည်။ ပြိုင်ပွဲ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဆက်လက် ထုတ်ပြန်ကြေညာသွားမည် ဖြစ်သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာအတွင်းက စည်းရုံးရေး ပညာရေး ခရီးစဉ်ဖြင့် ပန်းချီ၊ပန်းပုပညာရှင် ၄၅ဦး ပါဝင်သည့် လေ့လာရေးအဖွဲ့တစ်ဖွဲ့ တောင်ကြီးမြို့သို့သွားခဲ့ကြရာ ရေးဆွဲခဲ့သည့် ပန်းချီလက်ရာများကို "ရှမ်းရိုးမမှာ သာတဲ့လ" အမည်ဖြင့် ပန်းချီပြပွဲကိုလည်း ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း ပန်းချီ ၊ပန်းပု ပြခန်း၌ ဇန်နဝါရီ ၂၉ရက်တွင် တစ်ပတ်ကြာ ကျင်းပမည် ဖြစ်ပြီး တောင်ကြီးမြို့၌လည်း သွားရောက်ပြသမည် ဖြစ်သည်။

(သတင်းစဉ်)

သူရဇ္ဇမဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

အတွဲ(၄) အမှတ်(၂) ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလထုတ် "သူရဇ္ဇမဂ္ဂဇင်း" **(အပေါ်ပုံ)**ကို ပညာရွှေတောင် စာအုပ်တိုက် (၉၀၊၉၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၂၄၂၈၃၃၊ ၂၄၀၆၉၀ မှ ဖြန့်ချိ လိုက်ကြောင်း သိရသည်။

(က–ပ)

သာသနနုဂ္ဂဟာဓမ္မာရုံ ဓမ္မဒူတတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၁

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရွှေရောင်တော်ဘုရားကြီး၏ ထီးတော်အား အသစ်တစ်ဖန် ပြန်လည် ပူပြင်ရန်အတွက် ရန်ကုန်တိုင်း သာကေတမြို့နယ် ဇရာဝဏ်လမ်း (၁၀)ရပ်ကွက် (မြောက်)ရှိသာသနနုဂ္ဂဟ ဓမ္မာရုံကြီးတွင် ဇန်နဝါရီ၃၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်ထိ လေးရက်တိုင် ညစဉ်၇ နာရီခွဲမှ စတင်၍ ဓမ္မဒူတတရားပွဲများ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တရားပွဲများ၌ ဓမ္မဒူတ ဆရာတော်များဖြစ်ကြသည့် အရှင်သီလာစာရ(မုတ္တမ)က ဇန်နဝါရီ ၃၁ ရက်၊ အရှင်ပညာဝရ(တောင်စွန်း)က ဖေဖော်ဝါရီ ၁ ရက်၊ အရှင်ကောသလ္လ(မုဒုံ)က ဖေဖော်ဝါရီ ၂ ရက်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အရှင်ဆေကိန္ဒ(မှော်ဘီ)က ဖေဖော်ဝါရီ ၃ ရက်တွင် တရားတော်များ ဟောကြား ချီးမြှင့်တော်မူကြမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဂျာမနီနိုင်ငံမှအရည်အသွေးပညာရှင်ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ကုမ္ပဏီလမ်းညွှန် Knowledge-based Industry၏ စီစဉ်မှုဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထုတ်လုပ်ကာ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် ဂျာမနီနိုင်ငံ Celerant Consultine မှ အရည်အသွေးပညာရှင် Mr. Stefan Hagendorff က Celerant Methods for better performance in Organizations ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးထွေးသိန်း(ကုမ္ပဏီလမ်းညွှန်)က အရည်အသွေးအိမ်(Quality House) ခေါင်းစဉ်ဖြင့်လည်းကောင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ(International Business Centre)တွင် ဇန်နဝါရီ၂၅ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီခွဲမှ ၅ နာရီထိ ဟောပြောကြမည် ဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လိုကြသောသူများသည် ကုမ္ပဏီလမ်းညွှန် အမှတ်(၂၇၆) ၃၉ လမ်း အထက် ကျောက်တံတားမြို့နယ် ဖုန်း– ၂၄၂၅၈၃၊ မြေနီကုန်းပလာဇာ ဒုတိယထပ် စမ်းချောင်းမြို့နယ် ဖုန်း– ၅၃၆၉၁၄ လိုင်းခွဲ ၁၆ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြကြောင်းသိရသည်။

(က–ပ)

Health Digest အတွဲ(၁)၊ အမှတ်(၂၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

Health Digest ကျန်းမာရေးနှင့် ဆေးပညာဂျာနယ် အတွဲ(၁)၊ အမှတ်(၂၀)(အပေါ်ပုံ)အား ထုတ်ဝေ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယခုအပတ်စဉ် ဂျာနယ်တွင် နှလုံးသွေးကြောကျဉ်းရောဂါအား ဘယ်လိုကာကွယ်မလဲ၊ အသည်းရောင်အသားဝါစီပိုး ကာကွယ်ရေး၊ ကလေးသူငယ်များနှင့် မတော်တဆဖြစ်မှုများ အပါအဝင် ပြည်တွင်း၊ ပြည်ပ ကျန်းမာရေးဆေးပညာ သတင်းများ၊ ဆောင်းပါးများ စုံလင်စွာ ဖော်ပြထားသည်။ ဆက်သွယ်ရန်ဖုန်း ၀၁– ၂၉၇၁၉၂၊ ၀၁–၂၉၈၆၇၄ ဖြစ်သည်။

(က–ပ)

တရားစီရင်ရေးလုပ်ငန်းဆွေးနွေးပွဲကျင်းပ တရားသူကြီးချုပ် တက်ရောက်မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၁

တရားစီရင်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် တရားရုံးချုပ် မြေညီထပ်ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ နံနက်ပိုင်းတွင် တရားရုံးချုပ်(ရန်ကုန်)မှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသော ပြည်နယ်/တိုင်း တရားသူကြီးများက "Oral arguments are more preferable to written arguments in Courts for the purpose of upgrading and improving the qualifications of a judge "ကိုဆွေးနွေးကြသည်။

မွန်းလွဲပိုင်း ဆွေးနွေးပွဲတွင် တရားရုံးချုပ်(မန္တလေး)မှ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ကြည်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်း တရားသူကြီးများက "Respect for judicial integrity cannot be enhanced without judicial accountability "ကိုဆွေးနွေးကြသည်။ ထို့နောက် သဘာပတိက နိဂုံးချုပ် ဆွေးနွေးမှာကြားသည်။

တရားစီရင်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို တရားရုံးများ အရည်အသွေး မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲအပြီးတွင် တရားသူကြီးချုပ် ဦးအောင်တိုးက လိုအပ်သည်များကို မှာကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့နယ် အသင်း (ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဒိုက်ဦးမြို့နယ် အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းဝင်မိသားစုများ အသက် (၇၅) နှစ်ပြည့်ပြီးနှင့်အထက် အပူဇော်ခံ ပုဂ္ဂိုလ်များ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် မေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအနက် ဒိုက်ဦးမြို့နယ်မှ အသင်းဝင် မိသားစုများမှ ကျောင်းသား၊ ကျောင်းသူ အမှတ်အများဆုံး သုံးဦးတို့၏ အမည်များကို ဦးဘစော နာရက ဖုန်း– ၆၈၀၇၂၃၊ ဗိုလ်မှူးဘဝင်း (ငြိမ်း) ဥက္ကဋ္ဌ ဖုန်း–၅၆၅၄၂၁၊ ဦးတင်နု (ဒု–ဥက္ကဋ္ဌ) ဖုန်း–၅၈၄၂၆၆၊ ဦးစိုးသိန်း (ဒု–ဥက္ကဋ္ဌ) ဖုန်း–၃၇၁၉၇၉၊ ဦးသိန်းဟန် (ဒု–ဥက္ကဋ္ဌ) ဖုန်း–၅၃၇၈၅၈ တို့သို့ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား ဆက်သွယ်၍ သတင်းပေးပို့နိုင်ကြောင်း သိရသည်။

(က–ပ)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်လုံးဆိုင်ရာ တစ်ဆုပ် ဆန်လှူအသင်းမှ ကြီးမှူးကျင်းပမည့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၇၁ ကျောင်း မှ ရဟန်း သာမဏေ၊ သီလရှင် စုစုပေါင်း ၁၇၃၅ ပါးတို့အား စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်မြို့နယ်လုံးကျွတ် စုပေါင်း တစ်ဆုပ် ဆန်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အမှတ် (၉)ရပ်ကွက်၊ ဖားအံလမ်းထိပ် ဗဟိုမဏ္ဍပ်၌ ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(၄၉)

နိုင်ငံတကာအဆင့်မီ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၁

Myanmar Information Technology(MIT) နှင့် Queen Star Computer Center တို့ ပူးပေါင်း ဖွင့်လှစ်သော Myanmar Professional Education Center(MPEC)မှ System and Database Administrator (Level 1,2,3)သင်တန်းများကို ဖွင့်လှစ် သင်ကြားလျှက်ရှိပါသည်။ Level 1သင်တန်းတွင် Linuz, Solaris and Oracle Fundamental များကို သင်ကြားပေးမည် ဖြစ်ပါသည်။ Level-2သင်တန်းတွင် Oracle DBA Certification Course ၏ သင်ရိုးများကို Oracle University Standard အတိုင်း သင်ကြားမည် ဖြစ်ပါသည်။ Level-3 သင်တန်းတွင် Advanced Oracle ကို သင်ကြားပေးမည် ဖြစ်ပါသည်။

အထူးအစီအစဉ်အနေအဖြစ် ICT Week ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက် အတွင်းတွင် သင်တန်း အပ်နှံသူများကို 50% Discountဖြင့် လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ သင်တန်းတက်ရောက် လိုသူများသည် အမှတ်–၁၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၀၅၂၇၈၊ ၅၀၂၈၀၁၊ ၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် အခန်း ၃၀၊ Mandalay MICT Park ၄ လွှာ၊ ရတနာပုံဈေးအပေါ်ထပ်၊ မန္တလေး မြို့၊ ဖုန်း–၀၂–၆၈၄၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရပါသည်။

(က–ပ)

ဂုဏ်ပြုဆုပေးအပ်

ဇန်နဝါရီ ၁၀ ရက်က အမက (၂၂) တာမွေ၏ ၂၀၀၃/၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ဘာသာစုံပထမရရှိသော စတုတ္ထတန်းမှ မချောစုနေဝင်းအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုဆုပေးအပ်စဉ်။

(က–ပ)



မိုင်းဖြတ်နှင့် မန္တလေးတွင် ဘိန်းဖြူများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၁

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံမူးယစ်အထူးအဖွဲ့နှင့် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ သစ်တောဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မိုင်းဖြတ်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ယာဉ်များကို စစ်ဆေးစဉ် ကျိုင်းတုံမှ တာချီလိတ်သို့ သွားမည့်ညီနပ်(ခ)အိုက်ဆမ်နှင့် ညီကားတို့ စီးနင်းလာသည့် တိုယိုတာဟိုင်းလက်အဖြူရောင်ယာဉ်အား ရှာဖွေရာ ကြမ်းခင်းအတွင်း အံဝှက် ပြုလုပ်ထားသည့် နှစ်ထပ်အံဝှက်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၁၁၀ စုစုပေါင်းအလေးချိန် ၃၆ ဒသမ ၆၃ကီလို ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ယင်း ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တန့်ယန်းမြို့နယ် လောက်စီတုံးကျေးရွာအုပ်စု နောင်ဖာရပ်နေ ဦးဆမ်တောင်း၏သား ညီနပ်(ခ)အိုက်ဆမ်နှင့် တန့်ယန်းမြို့နယ် မိုင်းဝအုပ်စု တပ်ကတုံးရွာနေ ဦးအိုက်ဆမ်၏သား အသက်(၃၀)နှစ်ရှိညီကားတို့နှစ်ဦးအား မိုင်းဖြတ်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ် ၁၈/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)၂၁အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

အလားတူ နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မန္တလေး မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် သတင်းအရ မန္တလေးမြို့သစ် (၁) ရပ်ကွက်(၆ JX၆၃)လမ်းကြားစွယ်တော်လမ်းနှင့်သရဖီလမ်းကြား ဖွန်လမ်းသွယ် အမှတ်(ဏ–၃/၄၆)နေအိမ်ကို ရှာဖွေရာ ဆန်းဦးအားတွေ့ရှိရပြီး နေအိမ်အောက်ထပ် အဝတ်လဲခန်းအတွင်း စက္ကူပုံးထဲ၌ ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်ထားသော ဘိန်းဖြူ(ဒသမ ၄၂၁)ကီလိုနှင့် ၉မမပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ရှစ်တောင့်၊ ကျည်အိမ် တစ်ခုတို့အား ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ဖွန်လမ်းသွယ် အမှတ် (ဏ–၃/၄၆)နေ ဦးခင်မောင်၏သား ဆန်းဦးနှင့်ကွင်းဆက် တရားခံများဖြစ်သော ဦးအောင်ဝင်း၏သား နိုင်ဝင်း၊အောင်မြေသာစံမြို့နယ်နေ ဦးအိုက်ထွန်း၏ သမီး ကြူကြူဝင်းတို့အား မန္တလေးအမှတ်(၁၁)ရဲစခန်းမှ မူးယစ်ဆေးဝါးပထမ သတင်းပေးတိုင်ချက်အမှတ် ၁၆/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)၂၁အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက် ရှိသည်။

(သတင်းစဉ်)

ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူးနှင့် အဖွဲ့ ရခိုင်ပြည်နယ် ကြက်ခြေနီအသင်းများနှင့် တွေ့ဆုံ

မောင်တော ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာ ထွန်းစိန်သည် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သိန်းမောင်မြင့်လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်ထိ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မောင်တောမြို့နယ် ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်တပ်ဖွဲ့ဝင်များနှင့် လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် ကြက်ခြေနီအသင်း အမှုဆောင်များ၊ အသင်းဝင်၊ တပ်ဖွဲ့ဝင်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့ ပူးပေါင်းဆောင်ရွက်နေကြသည့် စီမံချက်ဝန်ထမ်းများနှင့် လည်းကောင်း တွေ့ဆုံ၍ ကြက်ခြေနီဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အကျိုးဆောင် အတွင်းရေးမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စီမံချက်က လုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းများ၏ အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

(က-ပ)

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး တွံတေးမြို့နယ်သို့ သွားရောက်ပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော တွံတေး-ရေကျော်မြေသားလမ်း ယန္တရားများဖြင့် ဖောက်လုပ်သည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (တွံတေး/စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်လမ်း ထပ်ပိုး ကတ္တရာခင်းခြင်းလုပ်ငန်းအား ဒီဇင်ဘာ ၃၀ ရက်က မြောင်းမြခရိုင်တာဝန်ခံအရာရှိ ဦးခင်မောင်ချို့နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်/စည်ပင်)

အောင်ပန်းမြို့ နဝဒေး ကျောက်ချောလမ်းသစ်ဖွင့်

ကလော ဇန်နဝါရီ ၁၅

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ခဲ့သော အောင်ပန်းမြို့ နဝဒေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် အောင်ပန်းမြို့ အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပရာ ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ်မြဝင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်၊ ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နဝဒေးကျောက်ချောလမ်းသစ်အား ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ်မြဝင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖောက်လုပ်ပေး

ဖွင့်လှစ်လိုက်သည့် နဝဒေး ကျောက်ချောလမ်းသည် အရှည် ပေ ၁၄၀၀၊ အကျယ် ၁၂ ပေရှိပြီး အဖွဲ့ရန်ပုံငွေမှ ကျပ် ၁၄၃၃၅၀၀ အကုန်ကျခံ ဖောက်လုပ်ပေးခြင်းဖြစ်သည်။ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြလမ်း ငါးလမ်း၊ ပေအရှည် တစ်မိုင် သုံးဖာလုံအား ရန်ပုံငွေကျပ် ၈၀၂၂၀၀၀ ကျခံကာ ကျေးလက်လမ်း ၁၂ လမ်း၊ အရှည် ၁၃ မိုင် ငါးဖာလုံအား ရန်ပုံငွေကျပ် ၁၄၁ သိန်း အကုန်အကျခံ ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်/စည်ပင်)

ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်တိုင်း သုံးခွမြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်သန်းက တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်ခဲ့သော မောင်သန်းထွင့်ဝင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ညောင်တုန်းမြို့နယ် စာတိုက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ညောင်တုန်း ဇန်နဝါရီ ၁၈

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော စာတိုက်လမ်းကတ္တရာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းနှင့် ဦးအောင်မြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ စာတိုက်လမ်း ကတ္တရာလမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၂၂၀ ရှိပြီး အဖွဲ့ရန်ပုံငွေမှ ၁၈ ဒသမ ၅ သိန်း၊ ပြည်သူမှ ၁၃ ဒသမ ၈ သိန်း စုစုပေါင်း ၃၂ ဒသမ ၃ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်/စည်ပင်)

မြို့နယ်

သတင်းများ

မအူပင်မြို့နယ် မလက်တိုကျေးရွာ အုပ်စုတပွတ္တနောင်ကြီးကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပရာ မလက်တိုကျေးရွာ ဥက္ကဋ္ဌ ဦးအောင်နိုင်၊ မအူပင်မြို့နယ် ပညာရေးမှူး ဦးခင်ဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၅၉)

ကျေးလက်အိမ်ရာ တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

မှော်ဘီ ဇန်နဝါရီ ၁၇

မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်တို့သည် ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ခဲ့သော ကျေးလက်အိမ်ရာ တည်ဆောက်မှုကို ဇန်နဝါရီ ၁ ရက်က ကြည့်ရှုစစ်ဆေးကြသည်။ **(ဓါပုံ)**

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်အိမ်ရာစီမံကိန်းအရ ညောင်နှစ်ပင်ကျေးရွာတွင် သုံးလုံး၊ ကြာကန်စုကျေးရွာတွင် နှစ်လုံး စုစုပေါင်း ကျေးလက်အိမ်ရာငါးလုံး ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်/စည်ပင်)

ကျန်းမာရေးလုပ်သား သင်တန်းဆင်း

အင်းတော် ဒီဇင်ဘာ ၁၈

အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သားသင်တန်း အမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲကို ဒီဇင်ဘာ ၇ ရက် နံနက်က အင်းတော်မြို့ မြို့နယ်ပြည်သူ့ ဆေးရုံခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်သောင်း၊ မြို့နယ်ဆရာဝန် ဒေါ်ပြုံးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်သောင်းနှင့် မြို့နယ်ဆရာဝန် ဒေါ်ပြုံးတို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။ **(၂၃၃)**

ကျေးလက်လမ်းစစ်ဆေး

ပဲခူး ဇန်နဝါရီ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဇန်နဝါရီ ၁၁ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့်အတူ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော နဝင်း-တီတွတ် ကျေးလက်လမ်းပေါ်ရှိရေကျော် အမှတ်(၄) ဆောက်လုပ်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၄၃)**

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၁၃ ရက်က မြို့လယ် အဝိုင်းပတ် ပန်းအလှပင်နှင့် စိမ်းလန်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။
(မြို့နယ်/စည်ပင်)

ဟိုပင်မြို့ မေတ္တာရှင်မူကြို ပျော်ရွှင်ပွဲ ကျင်းပ

ဟိုပင် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော မေတ္တာရှင်မူကြိုကျောင်း၏ ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်း မြက်ခင်းပြင်၌ ကျင်းပသည်။ အခမ်းအနားတွင် ကလေးငယ်များ၏ အားကစားပြိုင်ပွဲများကို ကျင်းပရာ ဆုရ ကလေးငယ်များအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြသွေး၊ မေတ္တာရှင်မူကြိုကျောင်းအုပ် ဆရာမကြီး ဒေါ်အုန်းတင်နှင့် တာဝန်ရှိသူအသီးသီးက ဆုများ ချီးမြှင့်သည်။ **(က-ပ)**

ပဲခူးတိုင်း ပြည်မြို့ ပန်းဘဲတန်း အမက ကျောင်းခန်းမတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၊ ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပရာ အလှူရှင်များက ငွေကျပ် ၇၆၀၀၀၀ ကို လှူဒါန်းရာ တိုင်းပညာရေးမှူး ဦးမြင့်ဆွေ လက်ခံယူစဉ်။ (၁၃၈)

တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီးအတွက် မေတ္တာမွန်အဖွဲ့မှ သွေးများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးတွင် အသုံးပြုရန်အတွက် မေတ္တာမွန်အဖွဲ့မှ သွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၇ရက် နံနက်၉နာရီက တပ်မတော် အသည်းရောဂါထူးကုဆေးရုံကြီး မင်္ဂလာဒုံ၌ကျင်းပရာ အခမ်းအနားတွင် Shine Hope Co. Ltd. မေတ္တာမွန်အဖွဲ့မှ ဒေါ်ညွန့်ညွန့်ဝေက သွေးလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြား၍ ရောဂါဗေဒပါရဂူဌာနမှူး ဒုတိယဗိုလ်မှူးကြီးဒေါ်စန္ဒာဆွေက သွေးလှူဒါန်းခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော စစ်သည်လူနာများ အသုံးပြုရန်အတွက် မေတ္တာမွန်အဖွဲ့မှ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အဆိုပါဆေးရုံကြီးမှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဟန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မေတ္တာမွန်အဖွဲ့မှ သွေးလှူရှင် ၅၀ဦးတို့၏ သွေးလှူဒါန်းမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

သာကေတအထက(၁) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

သာကေတမြို့နယ် အထက(၁) ကျောင်းတွင် ၁၉၅၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိတာဝန်ထမ်းဆောင်ပြီး သက်ပြည့်၊ အငြိမ်းစားယူသွားကြသော ကျေးဇူးရှင်ဆရာ၊ ဆရာမများအား ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁) မြဝတီခန်းမတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးမောင်ဝင်း (ဦးစီးအရာရှိ) ဖုန်း–၂၁၂၉၆၆(၃၀၇)၊ ၂၂၆၀၈၉၊ ဦးစိုးသိန်း ဖုန်း–၇၀၇၀၃၂၊ ၃၇၉၆၆၆၊ ဒေါ်အေးသန်း ဖုန်း–၅၄၁၄၇၉၊ ဦးထွန်းအောင် ဖုန်း–၅၅၉၇၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ ဗီစီဒီ၊ စီဒီ ခိုးကူးခွေများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထိထိရောက်ရောက်အရေးယူသွားမည်၊ စက်မှုဇုန်များက ဘတ်စ်ကားနှင့် ထရပ်ကားကြီးများ ထုတ်လုပ်ရန်ပြင်ဆင် အမှတ်(၂) စက်မှုဝန်ကြီးဌာနက လိုအပ်သည်များ ကူညီပံ့ပိုးပေး၊ ဝန်ကြီးဌာနရှစ်ခု၊ ဌာန ၄၇ခုနှင့် စီးပွားရေးလုပ်ငန်းရှင်များ အွန်လိုင်းစနစ်ဖြင့် လုပ်ငန်းချိတ်ဆက်ကူးလူးဆောင်ရွက်နိုင်မည်၊ သုံးဘီးဆိုင်ကယ်များ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ရောင်းချမည်စသည့်ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄) ထွက်ရှိပြီဖြစ်သည်။

နိုင်ငံတကာသတင်း၊ ဆောင်းပါးများနှင့် စီးပွားရေး၊ကျန်းမာရေး၊ အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃၈ ဖြန့်ချိထားသည်။ **(အောက်ပုံ)** (က–ပ)

ပန်းတစ်ဆုပ်နဲ့ ရင်ပြတင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

ကိုစစ ရေးသားသည့် ပန်းတစ်ဆုပ်နဲ့ ရင်ပြတင်း စာအုပ်ကို အင်ပါယာစာပေ၊ တိုက်(၂၁) အခန်း(၁၁) စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ ဦးဝိစာရလမ်း မြောက်ဒဂုံမှ ထုတ်ဝေဖြန့်ချိထားသည်။ WWW. forever space. com. mm တွင်လည်း ဖတ်ရှုနိုင်သည်။ **(အောက်ပုံ)** (က–ပ)

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၁

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁)ကို ထုတ်ဝေ ဖြန့်ချိထားပြီဖြစ်သည်။ ယခုအပတ် မဟာသတင်းဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ (၅၄)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဆူဒိုနင်၊ မြတ်ခိုင်တို့၏ ဆောင်းပါးများနှင့်အတူ ကျောက်ဘီလူးတင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းများ၊ စိုးသိဏ်း၏ ထွေလီကေလာအနုပညာကမ္ဘာ၊ ခင်လိမ္မာ၊ ဇေယျာမြတ်ခိုင်၊ မောင်မျိုး(ကြောင်နှစ်ကောင်)တို့၏ ပြည်တွင်းအနုပညာသတင်းများပါဝင်သည်။ ထို့ပြင် အပတ်စဉ်ပါနေကျ မြတ်ခိုင်၏ မေးခွန်း(၁၀၀၀)၊ အင်္ဂါစကားဝိုင်း(၂၀) တို့အပြင် ပရိသတ်အကြိုက် 3Dလက်ဆောင်လည်း ပါဝင်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** (က–ပ)

စူးရှမြတ်မြတ်စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄ လမ်း အမှတ်(၁၂၀) ချမ်းသာစာပေ ဖုန်း–၃၈၀၅၉၁၊ ၂၈၇၅၅၀ စင်တင်ကလောင်ရှင်စူးရှမြတ်မြတ်၏ နှလုံးသားအက်ကြောင်းထဲက အချစ်စစ်စစ် စာအုပ်ကို ချမ်းသာစာပေက မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ယာပုံ)** (က–ပ)

မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိပြန့်ပွားရေးစာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော်ဩဝါဒါစရိယ၊ တိုက်ကြီးမြို့၊ ပြည်သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ မြို့နယ်ပရိယတ္တိပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဉာဏဝံသဦးဆောင်၍ မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်ပရိယတ္တိပြန့်ပွားရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော စာမေးပွဲကို တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ညတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက်ညများတွင် မဟာစည်နယ်လှည့် ဓမ္မကထိက ထီလာအရှင်သုန္ဒရ (သာသနဇေ ဓမ္မာစရိယ)၊ ဖေဖော်ဝါရီ ၃ရက်ညတွင် ပြည်ခရိုင်ပေါင်းတည်မြို့ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တတေဇနိယ၊ ဖေဖော်ဝါရီ ၄ရက်ညတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဘဒ္ဒန္တကုမာရ (ဗန်းမော်ဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မများကို ဟောကြားတော်မူမည်ဖြစ်ပြီး ဖေဖော်ဝါရီ၂၁ ရက် မွန်းလွဲပိုင်းတွင် စာအောင်ဆုနှင်းသဘင်ပွဲ ကျင်းပမည်ဖြစ်သည်။ (က–ပ)

MBA, MPA ဝင်ခွင့်အထောက်အကူပြု GMAT သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

TECH Training Centre တွင် စီးပွားရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများဖြစ်သော MBA,MPA မဟာဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိရန် စာမေးပွဲများအား အထောက်အကူပြု GMATသင်တန်းများဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ MBA,MPA ဝင်ခွင့်စာမေးပွဲများတွင် အဖြေမှန်များအလွယ်တကူဖြေဆိုနိုင်ရန် English, Maths, Logic ဘာသာရပ်များ သင်ကြားပေးသွားမည်ဖြစ်သည်။ TECH Training Centreတွင် သင်တန်းများအတွက် ပြည့်စုံလှောက်သော စာရွက်စာတမ်းများ၊ နိုင်ငံတကာ Entrance Test များတွင် စစ်ဆေးလေ့ရှိသော မေးခွန်းများဖြင့် ကျွမ်းကျင်သော ဝါရင့်ဆရာကြီးများမှ သင်ကြားပို့ချပေးမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာတွင် သွားရောက် ပညာသင်ကြားမည့် ကျောင်းသားများအတွက် IELTS, GCE, TOEFL နှင့် English Proficiency 4 Skill သင်တန်းများလည်း ဖွင့်လှစ်ထားသည်။ သင်တန်းများ အားလုံးကို ဇန်နဝါရီလနောက်ဆုံးပတ်တွင်ဖွင့်လှစ်မည်ဖြစ်သည်။သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် TECH Training Centre အမှတ်(၄၁)ရန်ကုန်–အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး ကမာရွတ်မြို့နယ် ဖုန်း–၇၀၅၇၀၂၊ ၅၀၅၉၈၆နှင့် ၅၃၉၅၃၁ တို့သို့ စုံစမ်းနိုင်သည်။ (က–ပ)

နိုင်ငံတကာအဆင့်မီ စာမေးပွဲများဖြေဆိုနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတကာအဆင့်မီ စာမေးပွဲများကို ဖြေဆိုနိုင်ရန် Future Star Quality Training Centreမှ Levelအလိုက် သင်တန်းများကို Four Skills ဖြင့် အခြေခံမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ အခြေခံပညာအထက်တန်း၊တက္ကသိုလ်ကျောင်းသူ၊ကျောင်းသားများ၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက် Five Levels System (KET, PET, FCE, CAE, CPE) စာမေးပွဲများ ဖြေဆိုနိုင်ရန် သင်ကြားပေးမည်ဖြစ်သည်။ Young Learners များအတွက် Three Levels System (Starters, Movers, Flyers) Exams များ ဖြေဆိုနိုင်ရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ဖြေဆိုအောင်မြင်ပြီးပါက UCLES မှ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် IELTS, Business English Certificate (BEC I,II,III) နှင့် Hotel English သင်တန်းများ၊ အသက်(၃)နှစ်မှ (၅)နှစ်ကလေးများအတွက် အဆင့်မြင့် မူကြိုများကို ကျွမ်းကျင်သော Child Care-takers များက တာဝန်ယူသင်ကြားပေးလျက်ရှိသည်။ သင်တန်းတက်ရောက်လိုသူများသည် Future Star Quality Training Center အမှတ်(၂၆/အေ) ယောမင်းကြီးလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း–၇၁၀၁၀၅၊ ၃၇၉၂၁၈နှင့် ၂၈၁၁၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

လက်တွေ့ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာသာဘီအေ (အင်္ဂလိပ်စာ)၊ ဒီပလိုမာ (အင်္ဂလိပ်စာသင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရဆရာများက ပို့ချပေးမည့် Spoken English, Intermediate Level General English Proficiencyသင်တန်းများကို ဇန်နဝါရီ ၂၆ရက်၊ ဖေဖော်ဝါရီ ၂၊ ၇ရက်တို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် တစ်နှစ်ပတ်လုံး ဖွင့်လှစ်လေ့ကျင့်ပေးနေသည့် Member Club အဖွဲ့ဝင်အဖြစ် လေ့ကျင့်ခွင့်၊ စာအုပ်များ အခမဲ့ငှားရမ်းခွင့်များရရှိမည်ဖြစ်ရာ Success Language Academy အမှတ်–၄၇ (တတိယထပ်)၊ကုန်သည်လမ်း(ဘိုကလေးဈေးလမ်းထောင့်) ဂမုန်းပွင့်ကုန်တိုက်ရှေ့ ဖုန်း–၂၉၅၇၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။(က–ပ)

အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
မိုမို အလှပြင်ဆိုင်
ဆံပင်ညှပ်ကျွမ်းကျင်၊ ခေါင်းလျှော်ကျွမ်းကျင် မ(၃)ဦးစီ။ (အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။)
တိုက်(၆)၊ အခန်း(၂၀၄)၊ ပုစွန်တောင် ဉယျာဉ်အိမ်ရာ၊ ပုစွန်တောင်မြို့နယ်။

INFORMATICS
2 in 1 Diploma (DCS+NCC) သင်တန်း
အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများအတွက် Module 8 ခု ဖြေဆိုရုံဖြင့် Diploma အောင်လက်မှတ် ၂ ခု ရရှိမည်ဖြစ်ပါသည်။
သင်တန်းဖွင့်ရက်
Botataung Centre : 25.01.04
Bahan Centre : 29.01.04
220/222, Botataung Pagoda Rd. Ph: 200343, 296829, 203188.
70/B, Shwe Gon Dine Rd. Ph: 558360.
MICT Week Special Discount 15%

ဘာကြောင့်ဗျားဗျား အခိုးပွင့်အစာကြေ
သုခသီတာ ငန်းနီကျော်
ဆေးဆောပါ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် – ၀၆၀၁ ခိုင် ၂၆၆၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ကြော်ငြာစာအမှတ်(၁/၂၀၀၄)
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီ ၂၀ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာနိုင်ငံအစိုးရ ပုံနှိပ်တိုက် မန္တလေးတွင်ခန့်အပ်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်–

	ရာထူး/လစာနှုန်း	ပညာအရည်အချင်း	ဦးရေ
(က)	စက်ပြင်/လျှပ်စစ်ကျွမ်းကျင်–၃၊ (၄၈၀၀ိ–၁၀၀ိ–၅၃၀၀ိ)	G.T.I (စက်/လျှပ်စစ်) အောင်မြင်သူဖြစ်ရမည်	– ၄
(ခ)	အငယ်တန်းစာရေး/စာရင်းကိုင်–၄ စီစဉ်ရေး (၄၂၀၀ိ–၁၀၀ိ–၄၇၀၀ိ)	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။	– ၁၀
(ဂ)	လက်နှိပ်စက်ရိုက် (၄၂၀၀ိ–၁၀၀ိ–၄၇၀၀ိ)	အခြေခံအလယ်တန်းအောင်မြင်၍ လက်နှိပ်စက်အောင်လက်မှတ်ရှိရမည်။	– ၁
(ဃ)	ပုံနှိပ်ကျွမ်းကျင်–၄(ကွန်ပျူတာ) (၄၂၀၀ိ–၁၀၀ိ–၄၇၀၀ိ)	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ပြီး ကွန်ပျူတာတတ်ကျွမ်းရမည်။	– ၄
(င)	ပုံနှိပ်ကျွမ်းကျင်–၄(စက်) (၄၂၀၀ိ–၁၀၀ိ–၄၇၀၀ိ)	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။ T.H.S အောင်မြင်ရမည်။	– ၁၀
(စ)	စက်မှုကျွမ်းကျင်–၅ (၃၆၀၀ိ–၁၀၀ိ–၄၁၀၀ိ)	T.H.S အောင်မြင်ရမည်။(စက်မှုလက်မှု)	– ၈
* (ဆ)	လုပ်သား(ပုံနှိပ်)(ကျား) (၃၀၀၀ိ–၁၀၀ိ–၃၅၀၀ိ)	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	– ၄၀
(ဇ)	လုပ်သား(စာအုပ်ချုပ်) (ကျား–၁၅/မ–၁၅) (၃၀၀၀ိ–၁၀၀ိ–၃၅၀၀ိ)	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	– ၃၀
(ဈ)	လုပ်သား(ဓာတ်ပုံ) (ကျား)	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	– ၁၀
(ည)	လုံခြုံရေး (၃၀၀၀ိ–၁၀၀ိ–၃၅၀၀ိ)	မြန်မာစာရေးတတ်၊ဖတ်တတ်ရမည်။	– ၂
(ဋ)	သန့်ရှင်းရေး (၃၀၀၀ိ–၁၀၀ိ–၃၅၀၀ိ)	မြန်မာစာရေးတတ်၊ဖတ်တတ်ရမည်။	– ၂

မှတ်ချက်။

* (၁) ပုံနှိပ်လုပ်သားများအတွက် အရည်အချင်းပြည့်ဝမှုပေါ်မူတည်၍ ချက်ချင်းပုံနှိပ်ကျွမ်းကျင်–၅ ရာထူးသို့ တင်ပေးမည်။

(၂) အခြားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်ရရှိမည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁–၁–၂၀၀၄)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ရာထူးအားလုံးအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အလုပ်သမား(လေဘာ) မှတ်ပုံတင်လက်မှတ်ရှိရမည်။

(ဃ) မန္တလေးတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ရန်ကုန်/မန္တလေးတွင် သင်တန်းလာရောက်တက်နိုင်သူများဖြစ်ရမည်။

၃။ အထက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများသည် အမျိုးသားမှတ်ပုံတင်၊ လေဘာ၊ ကျောင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်များနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်၃၇၉/၃၈၃၊ဗိုလ်အောင်ကျော်လမ်း ရန်ကုန်နှင့် စာတည်းမှူး၊ ကိုယ်ပွားသတင်းစာတိုက်၊ လမ်း၂၀နှင့် ၂၁လမ်း၊ ၈၂နှင့် ၈၃လမ်းကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မန္တလေးမြို့သို့ (၅–၂–၂၀၀၄)နေ့အရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။

“မင်း” တော်ဝင်ဘုရားဖူးပို့ဆောင်ရေးခရီးစဉ်များ
မှုံ ခရီးစဉ် (12, 26 Feb)
တောင်ကြီးခရီးစဉ် (12, 26 Feb)
ရွှေစက်တော်ခရီးစဉ် (30 Jan)

စေတနာရှင် (မိသားစု)ဘုရားဖူးပို့ဆောင်ရေး
379528

ဒိန်ခဲ စားခွင့်သစ်
ဘယ်သူ့ဒိန်ခဲ ငါ နေရာရွှေ့လို့ရမည်လဲ
WHOSE CHEESE CAN I MOVE?
မြတ်ငြိမ်း မြန်မာပြန်
စာပေလောက

Yan Aung

ဝမ်းမြောက်ဂုဏ်ပြုခြင်း

သီဟသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် ဥက္ကဋ္ဌ (Asia Express (YGN)Co.,Ltd.)အား နိုင်ငံတော်မှ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ကို ထိုက်တန်စွာ ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Asia Express (YGN) Co.,Ltd. မန်နေဂျာများနှင့်ဝန်ထမ်းများ(ရုံးချုပ်)

အမည်ပြောင်းခြင်း

ဦးစိုးမြင့်မောင်၏ သမီး အထက (၁) ဘိုကလေးမြို့ တတိယတန်း(ခ)မှ မဆုလဲ့ခိုင်အား မဆုရည်ထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဆုရည်ထွန်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် န/၅၄၃၆ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ရန်ကုန်တိုင်း)။

ရှင်လန်းဝမ်းမြောက်စွာ ချီးကျူးပါ၏၊ ဂုဏ်ပြုပါ၏

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ဖြင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခံရသည့် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြု ပြည်ပသာသနာပြုရဟန်းတော်များ သင်တန်းကျောင်းတော်ကြီးမှ အောက်ဖော်ပြပါ ဆရာတော်ကြီးနှင့် လူပုဂ္ဂိုလ်များအား ရှင်လန်းဝမ်းမြောက်စွာချီးကျူးပါ၏၊ ဂုဏ်ပြုအပ်ပါသည်။

စဉ်	အမည်	တာဝန်	ရရှိသောဘွဲ့/တံဆိပ်
၁။	ဘဒ္ဒန္တ ဇနိတ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ(အိန္ဒိယနိုင်ငံ မာဂဓတက္ကသိုလ်)	သင်တန်းမှူးဆရာတော်	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
၂။	ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)	ဥက္ကဋ္ဌ၊ ဂေါပကအလုပ်အမှုဆောင်အဖွဲ့	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
၃။	ဦးစိုးမြင့်(ဒုံးရင်းသီးဦးစိုးမြင့်)	ဂေါပကအလုပ်အမှုဆောင်	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
၄။	ဦးဟန်မောင် (ဆုထူးပန်ဆရာဟန်)	အဘိဓမ္မာသင်တန်းမှူးကြီး	သဒ္ဓမ္မဇောတိကဓဇ
၅။	ဒေါက်တာခင်မောင်ညွန့်	ပညာရေးနှင့်သင်ကြားပို့ချရေးကော်မတီဝင်နှင့် သင်တန်းဆရာကြီး	ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒု)
၆။	ဒေါ်အေးအေးကြည်	ဒု-ဥက္ကဋ္ဌ(၁) ဝေယျာဝစ္စအမျိုးသမီးအဖွဲ့	အဂ္ဂမဟာသီရိသုဓမ္မသီဂိ
၇။	ဒေါ်ခင်သန်းမြင့်(ဂုဏ်ရှိန်မြင့်)	ဒု-ဥက္ကဋ္ဌ(၂)၊ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့	သီဟသုဓမ္မသီဂိ

ဂေါပကအလုပ်အမှုဆောင်အဖွဲ့ ပညာရေးနှင့်သင်ကြားပို့ချရေးကော်မတီ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းရေးရာအဖွဲ့။

အောင်သရဖူ GCE သင်တန်း
Commencing Date : January 2004
212357, 252821

ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ခြင်း

၂၀၀၄ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် နိုင်ငံတော်မှ “သီရိသုဓမ္မသီဂိဘွဲ့”ကို ချစ်သော အစ်မကြီး ဒေါက်တာ ခင်ခင်စိမ့်အား ချီးမြှင့်သည့်အတွက် လိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ကြောင်းနှင့် ယခုထက်ပို၍ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ မင်္ဂလာဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးစိုင်းမျိုးဝင်း (ဥက္ကဋ္ဌ၊ မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း ရန်ကုန်မြို့။)

ဒေါ်ဖြူဖြူဝင်းနှင့် မောင်နှမများ (ချိုချိုဖြူအထည်ဆိုင်၊ မန္တလေးမြို့။)

ဒေါ်နန်းခင်မြင့်ရီ (ဒါရိုက်တာ၊ ဂန္ဓဝင်စိမ်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့။

သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးဉာဏ်လွင်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ရက် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)အရ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသူ သမားတော်ကြီး ဦးဉာဏ်လွင် (မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ၊ တိုင်းရင်းဆေးကောင်စီဝင်)အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်လှူဒါန်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဟသ်ာတမှ မိတ်ဆွေ/တပည့်များ-

- ဦးခင်မောင်ရီ(ဟသ်ာတခရိုင်၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး)
- ဦးလှသွင်(တေးသံသာ)
- ဦးတင်ရှိန်(ရွှက်လှေ)
- ဦးဝင်းငွေ(ရွှေငွေလေး)
- ဦးမောင်မောင်အေး(နေမင်းကြည်)
- ဦးအေးကို(ပို့ဆောင်/ရောင်းဝယ်ရေး)နိဗ္ဗာန်

နိဗ္ဗာန်ရွာမှ တပည့်များ

- အလယ်စုကျောင်း ဂေါပကအဖွဲ့နှင့် တပည့်များ
- ပေါက်တန်းလေးကျောင်း ဂေါပကအဖွဲ့နှင့်တပည့်များ
- ဦးညွန့်လွင်(မန်နေဂျာ-ငြိမ်း)မြန်မာ့ရေနံ
- ဦးလှမြင့်(ပညာရေး၊နိဗ္ဗာန်)
- ဦးစိန်ကျော်(ပညာရေး၊နိဗ္ဗာန်)
- ဦးအောင်ခင်(စိုက်ပျိုးရေး၊နိဗ္ဗာန်)
- ဦးဝင်းမြင့်(ပညာရေး၊နိဗ္ဗာန်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနေ
ဦးစက်ရေး(Managing Director, AUNG THA MACHINERY)& (VICE Chairman, No.3 Industrial Zone, South Dagon)- ဒေါ်သန်းသန်းနွယ်
(အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏သားငယ်

မောင်ကျော်သန့်စင် B.E (Mechanical)

နှင့်

ရန်ကုန်မြို့၊ ၁၄၆လမ်းနေ ဦးမျိုးလှိုင်(ဘူမိဗေဒအရာရှိ၊ ငြိမ်း၊ ဘ-ခ-ရ၊ သတ္တုတွင်းဝန်ကြီးဌာန)-
ဒေါ်သန်းသန်းတင့်(ဘူမိဗေဒအရာရှိ၊ ဘ-ခ-ရ၊ သတ္တုတွင်းဝန်ကြီးဌာန)တို့၏သမီး

မဇာခြည်ပွင့် B.E(Mechanical)

